ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ ကဆုန်လပြည့်၊ ကြာသပတေးနေ့၊ (11-5-2006) (၄၉၅၄)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ကြည့်ရှုအားပေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မန္တလေးတိုင်း ပုသိမ်ကြီးမြို့နယ် သမ္ဘောတောကျေးရွာ နွေစပါးစံပြစိုက်ခင်း စုပေါင်းသမန်းနှိုးပွဲနှင့် မြေသြဇာကြဲပက်ပွဲကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ဒြပ်စည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲနှင့် နွေစပါး စုပေါင်းသမန်းနှိုးပွဲတက်ရောက် ဈေးချိုပလာဇာနှင့် ကွန်ဒိုမီနီယံတာဝါ တည်ဆောက်ရေးလုပ်ငန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၁၀

မန္တလေးတိုင်း မန္တလေးမြို့၌ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် မေ ၆ ရက် နံနက် ၇နာရီ မိနစ် ၂၀တွင် မန္တလေးတိုင်း ပုသိမ်ကြီးမြို့နယ် သမ္ဘောတောကျေးရွာအုပ်စု ကွင်းအမှတ်(၅၄၂)ရှိ မျိုးသန့် စံပြကျေးရွာဧက ၂၀၀ ၌ ကျင်းပသည့် နွေစပါးစံပြစိုက်ခင်း စုပေါင်းသမန်းနှိုးပွဲနှင့် မြေသြဇာကြဲပက်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

ရှေးဦးစွာ တိုင်းမြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးအောင်ကြင်က စပါးမျိုး၊ ငါးမျိုးယှဉ်၍ စမ်းသပ်ထားမှုများကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုအားပေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်နှင့် မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်တို့သည် စုပေါင်းသမန်းနှိုးခြင်းနှင့် မြေသြဇာကြဲပက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကိုလှည့်လည်ကြည့်ရှုအားပေးကြသည်။**စာမျက်နှာ ၈ ကော်လံ ၁ သို့** ➪

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ယနေ့မိုးလေဝသ

၁၁-၅-၂၀၀၆

နေပြည်တော်မြို့တော်

နေပြည်တော်မြို့တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၁၁-၅-၂၀၀၆
(ကြာသပတေးနေ့)

မွန်မြတ်ထူးခြားသော ကဆုန်လပြည့်ဗုဒ္ဓနေ့ ကုသိုလ်တရားများ ပွားများကျင့်ကြံအားထုတ်

၁၃၆၈ခုနှစ်ကဆုန်လပြည့်နေ့(ယနေ့)သည် ဗုဒ္ဓနေ့ ရက်မြတ်မင်္ဂလာ အခါသမယဖြစ်ပေသည်။ ကဆုန်လပြည့်နေ့ကို ဗုဒ္ဓနေ့အဖြစ် သတ်မှတ်ကျင်းပခြင်းမှာ သုံးလူ့ထွတ်ထားဗုဒ္ဓရှင်တော်မြတ်ဘုရားသည် ကဆုန်လပြည့်နေ့တွင် ဗျာဒိတ်တော်ခံယူခြင်း၊ ဖွားမြင်တော်မူခြင်း၊ ဘုရားအဖြစ်သို့ ရောက်ရှိတော်မူခြင်း၊ ပရိနိဗ္ဗာန်စံတော်မူခြင်းဟူသည့် ထူးခြားသော ဖြစ်တော်စဉ်များနှင့် ဆက်စပ်ဖြစ်တည်လျက်ရှိသော ကြောင့် ဖြစ်သည်။

ဗုဒ္ဓရှင်တော်ဘုရား၏ ဖြစ်တော်စဉ်များနှင့် စပ်လျဉ်း၍ လယ်တီဆရာတော်ကြီးက **မဟာသက္ကရာဇ် ခြောက်ဆယ့် ရှစ်ကြို၊ ကဆုန်လပြည့် သောကြာနေ့ဝယ်၊ ချမ်းမြေ့စုံညီ လုမ္ဗိနီ၌၊ မဟီလိုက်ဆူ ဖွားတော်မူသည်**ဟူ၍ လည်းကောင်း၊ **ခါတော်တဖုံ ပွင့်ချိန်ကြုံက၊ ကဆုန်လပြည့် ဆင်မင်းနေ့ဝယ်၊ မြေ့ပရမေ ပလ္လင်ဗွေထက်၊ ရွှေဉာဏ်တော်ကြီး၊ ဗိတာန်ထီးနှင့်** ဟူ၍လည်းကောင်း၊ **ကုသိနာရုံ၊ အင်ကြင်းစုံ၌၊ ကဆုန်လပြည့် အင်္ဂါနေ့ဝယ်၊ ချမ်းမြေ့နိဗ္ဗူစံတော်မူသည်** ဟူ၍ လည်းကောင်း တရားကဗျာဖြင့် ဖွဲ့ဆိုခဲ့ပေသည်။

ကဆုန်လပြည့် ဗုဒ္ဓနေ့နှင့်ပတ်သက်၍ ဗုဒ္ဓဘာသာဝင်ပြည်သူအများက **ဖွားမြင်ပွင့်စံ၊ ဗျာဒိတ်ခံ၊ မှတ်ရန်ကဆုန်၊ လပြည့်ကြုံ** ဟူ၍ ထူးခြားတိုက်ဆိုင်မှုများကို မှတ်သားထားကြသည်။

ဗုဒ္ဓဘုရားရှင်သည် သုမေဓာရှင်ရသေ့ဘဝတွင် ကဆုန်လပြည့်နေ့၌ ဒီပင်္ကရာဘုရားရှင်ထံမှ ဘုရားစင်စစ်ဧကန် ဖြစ်လိမ့်မည်ဟူ၍ နိယတဗျာဒိတ်တော် ရရှိခဲ့သည်။

မဟာသက္ကရာဇ် ၆၈ ခုနှစ်တွင် မယ်တော်မာယာဒေဝီက အလောင်းတော် သိဒ္ဓတ္ထမင်းသားအား လုမ္ဗိနီဥယျာဉ်၌ မီးရှူး သန့်စင်ဖွားမြင်တော်မူသောနေ့မှာ ကဆုန်လပြည့်နေ့ ဖြစ်သည်။

မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့်နေ့၌ပင် ဥရုဝေလတောဗောဓိပင်ရင်းရှိ အပရာဇိတရွှေပလ္လင်ထက်တွင် မာရ်ငါးပါးကို အောင်မြင်တော်မူပြီး သဗ္ဗညုတရွှေဉာဏ်တော်ကို ရရှိကာ ဘုရားဖြစ်တော်မူခဲ့ပေသည်။

ဗုဒ္ဓရှင်တော်ဘုရားသည် ၄၅ဝါ ကာလပတ်လုံး ကျွတ်ထိုက်သူ ဝေနေယျ သတ္တဝါအပေါင်းတို့ကို တရားရေအေး အမြိုက်ဆေး တိုက်ကျွေးတော်မူပြီးနောက် မဟာသက္ကရာဇ် ၁၄၈ခုနှစ် ကဆုန်လပြည့်နေ့တွင် ကုသိနာရုံ အင်ကြင်းရဂုံ၌ ပရိနိဗ္ဗာန်စံတော်မူခဲ့ပေသည်။

ကဆုန်လသည် အပူဓာတ်လွန်ကဲသောလဖြစ်ရာ မြစ်ချောင်း၊ အင်းအိုင်များ၌ ရေခန်းခြောက်ချိန်ဖြစ်သည်။ ဗုဒ္ဓရှင်တော်ဘုရားသည် မဟာဗောဓိပင်ရင်းတွင် သဗ္ဗညုတရွှေဉာဏ်တော်ကိုရရှိပြီး ဘုရားအဖြစ်ရောက်တော်မူခဲ့ခြင်းကို အကြောင်းပြုလျက် ဗုဒ္ဓဘာသာဝင် အပေါင်းတို့က အပူရှိန်ထန်ပြင်းသော ကဆုန်လသို့ ရောက်ရှိတိုင်း၊ ကဆုန်လပြည့်နေ့တိုင်းတွင် မဟာဗောဓိညောင်ပင်ကို ရေစင်သွန်းလောင်းကြသည်။

ဘုရားပွင့်တော်မူရာ မဟာဗောဓိပင် အစွန့်ရှည်ကြာရှင်သန်နေစေရေးအတွက် ရည်စူးလျက် ကဆုန်ညောင်ရေသွန်းပွဲတော်ကို ကျင်းပလာခဲ့ကြသည်မှာ ရေးနှစ်ပေါင်းများစွာမှသည် ယနေ့ကာလတိုင် ဖြစ်ပေသည်။

သို့ဖြစ်ရာ ဗုဒ္ဓဘာသာဝင်သူတော်စင်အပေါင်းတို့သည် မွန်မြတ်ထူးခြားသော ကဆုန်လပြည့် ဗုဒ္ဓနေ့အခါသမယတွင် ဗုဒ္ဓ၏ ပရိဘောဂစေတီဖြစ်သည့် မဟာဗောဓိညောင်ပင်ကို ရေစင်သွန်းလောင်း ကုသိုလ်ကောင်းမှုပြုရင်း လောကသုံးပါး၌ အတုမဲ့၊ အနှိုင်းမဲ့ဖြစ်သော မြတ်ဗုဒ္ဓဘုရားရှင်၏ အဆုံးအမတရားဒေသနာတော်များကို နာကြားအားထုတ်ခြင်းဖြင့် ကုသိုလ်စရိုက်တရားများ ဆက်လက်ပွားများကျင့်ကြံအားထုတ်နိုင်ကြမည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းကြား အနော်ရထာလမ်းမကြီး ကွန်ကရစ်ကတ္တရာ ထပ်ပိုးလွှာခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (၁၉)

ရန်ကုန်မြို့တော်လမ်းများ အဆင့်မြှင့်တင်ခင်းကျင်းမှု မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၁၀

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ယမန်နေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများလိုက်ပါ၍ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)က ရန်ကုန်မြို့တော်အတွင်းလမ်းများ အဆင့်မြှင့်တင်ခင်းကျင်းနေမှုနှင့် ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်နေသည်များကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ရှေးဦးစွာမြို့တော်ဝန်သည် နံနက်၆ နာရီခွဲတွင် ဗဟန်းမြို့နယ် ဦးချစ်မောင်လမ်း အဆင့်မြှင့် ကွန်ကရစ်ကတ္တရာ ထပ်ပိုးလွှာခင်းကျင်းနေမှုလုပ်ငန်းခွင်သို့ ရောက်ရှိလာရာ ဌာနမှူးဦးဗိုလ်ငွေးနှင့် တာဝန်ရှိသူများက ဦးချစ်မောင်လမ်းတစ်လျှောက် စက်ယန္တရားကြီးများဖြင့် ကွန်ကရစ်ကတ္တရာ ထပ်ပိုးလွှာခင်းကျင်းနေမှု အခြေအနေများကို လိုက်လံရှင်းလင်းပြသသည်။

ဆက်လက်၍ မြို့တော်ဝန်သည် မင်္ဂလာတောင်ညွန့်မြို့နယ်၊သိမ်ဖြူလမ်းနှင့် ဗိုလ်မင်းရောင်လမ်းဆုံသို့ ရောက်ရှိပြီး သိမ်ဖြူလမ်းဖြတ် ဗိုလ်မင်းရောင်လမ်းရေနုတ်မြောင်း ရေစီးရေလာကောင်းမွန်စေရန် အမှိုက်များ၊ခဲ ၊သဲ နှင့် နုန်းချေးများ ဆယ်ယူရှင်းလင်းနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းကြား အနော်ရထာလမ်းမကြီးတစ်လျှောက် စက်ယန္တရားများဖြင့် ကွန်ကရစ်ကတ္တရာထပ်ပိုးလွှာခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက်မြို့နယ် သန့်ရှင်းသာယာရေးဆောင်ရွက်မှုများကို ဆက်လက်ကြည့်ရှုစစ်ဆေးရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်မြင့်လှိုင်နှင့် မြို့နယ်စည်ပင်အုပ်ချုပ်ရေးမှူး ဦးငွေစိုးတို့က ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ (၁၉)

ဌာနဆိုင်ရာဘာသာရပ် သင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် မေ ၁၀

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဌာနဆိုင်ရာဘာသာရပ် သင်တန်းအမှတ်စဉ်(၁၈) ဖွင့်ပွဲအခမ်းအနားကို မေ ၈ ရက် နံနက် ၈နာရီခွဲတွင် ပြင်ဦးလွင်မြို့နယ် ဗဟိုမီးသတ်သင်တန်းကျောင်း အနော်ရထာခန်းမ၌ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်း သင်တန်းအဖွင့် အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

အဆိုပါသင်တန်းသို့ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှ လက်ထောက်လူဝင်မှုကြီးကြပ်ရေးမှူးအဆင့်ရှိ အမျိုးသားဝန်ထမ်းသင်တန်းသား ၁၀၀ တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တခြောက်ပတ်ဖြစ်သည်။ (သတင်းစဉ်)

ခုနစ်ရက်တရားစခန်းပွဲ

ရန်ကုန် မေ ၁၀

ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊၄-ရပ်ကွက် မနောသုခကျောင်းတိုက် မိုးကုတ်အဖွဲ့ခွဲ ၁၂၅တွင် (၅၇)ကြိမ်မြောက် မိုးကုတ်ဝိပဿနာတရားစခန်းကို မေ ၂၆ရက်တွင် စတင်မည်ဖြစ်ရာ ပဓာနနာယက အဖွဲ့ချုပ်ဓမ္မကထိကဆရာတော်ဘဒ္ဒန္တပရမက ကြီးမှူး၍ ပဋိစ္စသမုပ္ပာဒ်သင်တန်းပြဆရာကြီး ဦးကျော်မင်း၊ ဆရာမကြီး ဒေါ်ဝိဇ္ဇာသီဂီနှင့် ကထိကသစ္စာရဲမင်း (ဘီအက်စ်စီ)တို့က မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဟောကြားပြသမည်ဖြစ်ရာတရားစခန်းဝင်လိုသူများ ဖုန်း-၀၉၅၁၀၅၅၈၃ သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ (က-ပ)

ကွယ်လွန်သူ ဦးသန်းစိန် တစ်နှစ်ပြည့်အား ရည်စူး၍ တာမွေမြို့နယ် ၁၆၅ လမ်းနေ ဇနီး ဒေါ်မြမြ မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေးပဒေသာပင် ငွေကျပ်သုံးသိန်း ငါးသောင်း လှူဒါန်းရာ ဆေးရုံ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက် အတွင်းရေးမှူး(၂)ဒုတိယဗိုလ်မှူးကြီးဘဉာဏ် (ငြိမ်း)လက်ခံယူစဉ်။ (က-ပ)

မြို့ရွာတစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်

ဗုဒ္ဓ၏ထူးမြတ်သော ဥဒါန်းတော်များ

သန်းဝင်းရှိန်

ကဆုန်လပြည့်နေ့တွင် ဗုဒ္ဓမြတ်စွာက အထူးသိမှတ်ဖွယ်ကောင်းသော ဥဒါန်းတော်များ ကျူးရင့်ပြီး ပရိနိဗ္ဗာန်စံဝင်ခါနီး၌ နောက်ဆုံးစကားကို မိန့်ကြားတော်မူခဲ့ပါသည်။ ထို့ကြောင့် ကဆုန်လပြည့်နေ့သည် ဗုဒ္ဓဘာသာဝင်အပေါင်းတို့အတွက် နေ့ထူးနေ့မြတ်ဖြစ်သည်။ ကဆုန်လပြည့်နေ့၏ ထူးမြတ်သော ဖြစ်ရပ်များမှာ−

- **ဗုဒ္ဓမြတ်စွာအလောင်းတော် ဘုရားဖြစ်တော် မူမည်ဟု နိယတဗျာဒိတ်ခံယူတော်မူခြင်း၊**
- **ဗုဒ္ဓမြတ်စွာအလောင်းတော် ဖွားမြင်တော်မူခြင်း၊**
- **ဘုရားအဖြစ်သို့ ရောက်တော်မူခြင်းနှင့်**
- **ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်စံဝင်တော်မူခြင်း**တို့ ဖြစ်ပါသည်။

နိယတဗျာဒိတ်တော်ခံယူသောနေ့

ဗုဒ္ဓမြတ်စွာအလောင်းတော်သည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ထက်ဝယ် ဒီပင်္ကရာမြတ်စွာဘုရားလက်ထက်တော်အခါ သုမေဓာရှင်ရသေ့ ဖြစ်စဉ်က ဝိပဿနာတရားအားထုတ် လိုက်ပါလျှင် ထိုဘဝ၌ပင် နိဗ္ဗာန်ချမ်းသာကို ရယူနိုင်ပေသည်။ သို့ပါသော်လည်း အလောင်းတော်၏စိတ်၌ မိမိတစ်ကိုယ်တည်း နိဗ္ဗာန်ကိုရယူသွားခြင်းထက် အားလုံးသော ဝေနေယျသတ္တဝါများကို သံသရာဝဋ်ဆင်းရဲဒုက္ခမှ ကယ်တင်သွားမည်ဟု ဆုံးဖြတ်ချက်ချတော်မူ၍ ဘုရားဖြစ်ရန်အလို့ငှာ ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူခဲ့ပေသည်။ သို့ဖြစ်၍ သုမေဓာရှင်ရသေ့သည် ကဆုန်လပြည့်နေ့ အခါတော်သမယတွင် ဒီပင်္ကရာမြတ်စွာဘုရား၏ ခြေတော်ရင်း၌ ဝပ်စင်းလျက် ဘုရားဖြစ်မည်ဟူသော နိယတဗျာဒိတ်တော်ကို ခံယူရရှိတော်မူပါသည်။

ဖွားမြင်တော်မူသောနေ့

မယ်တော် မာယာသည် သုဒ္ဓေါဒနမင်းကြီး၏ နေပြည်တော် ကပိလဝတ်မှ ဒေဝဒဟ ပြည်သို့အသွား လမ်းခရီးအကြားတွင်ရှိသော လုမ္ဗိနီအင်ကြင်းဥယျာဉ်တွင် မဟာသက္ကရာဇ် ၆၈ ခုနှစ် ကဆုန်လပြည့် သောကြာနေ့၌ ဘုရားအလောင်း သိဒ္ဓတ္ထမင်းသားကို ဖွားမြင်တော်မူပါသည်။

ဘုရားအဖြစ်သို့ရောက်တော်မူသောနေ့

မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့၌ ဘုရားအဖြစ်သို့ ရောက်တော်မူရာတွင် ညဦးယံ၌ဘဝပေါင်းများစွာကို ပြန်လည်သိစွမ်းနိုင်သည့် ပုဗ္ဗေနိဝါသဉာဏ်ကို ရရှိတော်မူခဲ့ပါသည်။ သန်းခေါင်ယံအချိန်၌ သုံးဆယ့် တစ်ဘုံတွင်ဖြစ်ပျက်နေကြသော သတ္တဝါအားလုံးတို့ကို သိစွမ်းနိုင်သည့် ဒိဗ္ဗစက္ခု ဉာဏ်တော်ကို ရရှိတော်မူခဲ့ပါသည်။ မိုးသောက်ယံအချိန်၌ ကိလေသာ အညစ်အကြေးဟူသမျှကိုပယ်စွမ်းနိုင်သည့် အာသဝက္ခယဉာဏ်တော်ကိုရရှိတော်မူခဲ့ပါသည်။ အရုဏ်တက်သောအချိန်၌ အလုံးစုံသောတရားအပေါင်းတို့ကို အကြွင်းမဲ့ သိစွမ်းနိုင်သော သဗ္ဗညုတဉာဏ်တော်ကို ရရှိတော်မူကာ ဘုရားအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

ပရိနိဗ္ဗာန်စံဝင်တော်မူသောနေ့

မဟာသက္ကရာဇ် ၁၄၈ ခုနှစ် ကဆုန်လပြည့် အင်္ဂါနေ့ မိုးသောက်ယံအချိန် ကုသိနာရုံ အင်ကြင်းဥယျာဉ်၌ ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့ပါသည်။ ထိုအင်ကြင်းဥယျာဉ်ဝယ် မလ္လာမင်းအပေါင်းတို့ ခင်းထိုင်လေ့ရှိသော ညောင်စောင်းရှိလေသည်။ ထိုညောင်စောင်းကို ဗုဒ္ဓမြတ်စွာမိန့်ကြားတော်မူသော အစီအစဉ်အတိုင်း အရှင်အာနန္ဒာက အင်ကြင်းပင်နှစ်ပင်တို့၏ အကြား မြောက်ဘက်သို့ ဦးခေါင်းထား၍ ခင်းထားပေးပါသည်။ ဗုဒ္ဓမြတ်စွာသည် ထိုညောင်စောင်းပေါ်၌ပင် လဲလျောင်းကာ ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့ပါသည်။

အထက်ဖော်ပြပါ ကဆုန်လပြည့်နေ့များ၏ နေ့ထူးနေ့မြတ်တွင် ဗုဒ္ဓမြတ်စွာ ဘုရားသည် ထူးခြားသောဥဒါန်းတော်များကျူးရင့်ပြီး နောက်ဆုံးစကားကို မိန့်ကြားတော်မူခဲ့ပါသည်။

ဖွားမြင်တော်မူသောနေ့၌ ကျူးရင့်ခဲ့သောဥဒါန်းတော်

ဗုဒ္ဓမြတ်စွာအလောင်းတော်သည် ဖွားမြင်ပြီးစအခါသမယ၌ပင် မြောက်အရပ်သို့ ခြေလှမ်းခုနစ်လှမ်းသွား၍ အောက်ပါအတိုင်း ဥဒါန်းကျူးရင့်တော်မူခဲ့ပါသည်−

“(က) အဂ္ဂေါဟ မသ္မိ လောကဿ၊
(ခ) ဇေဋ္ဌောဟ မသ္မိ လောကဿ၊
(ဂ) သေဋ္ဌောဟ မသ္မိ လောကဿ၊
(ဃ) အယမန္တိမာဇာတိ၊
(င) နတ္ထိ ဒါနိ ပု န ဗ္ဘ ဝေါ တိ။”

အဓိပ္ပာယ်မှာ

(က) တစ်လောကလုံးတွင် မိမိသာအမြတ်ဆုံး၊
(ခ) တစ်လောကလုံးတွင် မိမိသာအကြီးကျယ်ဆုံး၊
(ဂ) တစ်လောကလုံးတွင် မိမိသာအချီးမွမ်းအပ်ဆုံး၊
(ဃ) ဤယခုဘဝ ပဋိသန္ဓေနေရခြင်းသည် မိမိအတွက် နောက်ဆုံး ပဋိသန္ဓေ နေရခြင်းဖြစ်သည်၊
(င) ယခုအခါ မိမိအတွက် နောက်ထပ်တစ်ဖန် ဘဝသစ်ဖြစ်ရန် မရှိတော့ပြီ။

ဘုရားဖြစ်တော်မူသောနေ့၌ ကျူးရင့်ခဲ့သော ဥဒါန်းတော်

ဗုဒ္ဓမြတ်စွာသည် ဘုရားဖြစ်တော်မူသောနေ့၌ အောက်ပါအတိုင်း ဥဒါန်း ကျူးရင့်ခဲ့ပါသည်−

(က) အနေကဇာတိ သံသာရံ၊
သန္ဓာဝိဿံ အနိဗ္ဗိသံ။
(ခ) ဂဟကာရံ ဂဝေသန္တော
ဒုက္ခာဇာတိ ပုနပ္ပုနံ။
(ဂ) ဂဟကာရက ဒိဋ္ဌောသိ၊
ပုနဂေဟံ နကာဟသိ။
(ဃ) သဗ္ဗာတေ ဖာသုကာဘဂ္ဂါ
ဂဟကူဋံ ဝိသင်္ခတံ။
(င) ဝိသင်္ခါရ ဂတံစိတ္တံ၊
တဏှာနံ ခယ မဇ္ဈဂါ။

အဓိပ္ပာယ်မှာ

(က) ခန္ဓာအိမ်ကို ကြိမ်ဖန်များစွာဆောက်လုပ်သော တဏှာယောကျ်ားလက်သမားကို မြင်နိုင်သော အသိဉာဏ်ပညာ မရခဲ့သောကြောင့် ငါသည် ဘဝများစွာ သံသရာပတ်လုံး ကျင်လည်၍ နေခဲ့ရပေသည်။
(ခ) ခန္ဓာအိမ်ကို ကြိမ်ဖန်များစွာ ဆောက်လုပ်လာသော တဏှာယောကျ်ားလက်သမားကို ရှာဖွေခဲ့သော ငါသည် အဖန်ဖန် အထပ်ထပ် ပဋိသန္ဓေနေခဲ့ရ၍ ကြိမ်ဖန်များစွာ ဆင်းရဲလှပေသည်။
(ဂ) ယခုအခါ ငါဘုရားသည် တဏှာယောကျ်ားလက်သမားကို ဗောဓိပင်ခြေရင်း၌ မြင်တွေ့ခဲ့ရလေပြီ၊ နောက်ထပ်တစ်ဖန် ခန္ဓာအိမ်ကို သင်မပြုရတော့အံ့။
(ဃ) တဏှာယောကျ်ားလက်သမား၏ ကိလေသာအခြင်၊ ဒိုင်း၊ မြား အဆောက်အအုံများကို ဖျက်ဆီးလိုက်ပြီ၊ အဝိဇ္ဇာတည်းဟူသော အိမ်အထွတ်ကိုလည်း ဖျက်ဆီးလိုက်ပြီ။
(င) ငါ၏စိတ်သည် သင်္ခါရတို့၏ ကုန်ရာ ခန်းရာ နိဗ္ဗာန်သို့ရောက်ပြီ၊ တဏှာ၏ကုန်ရာ အရဟတ္တဖိုလ်ကို ငါရထားပြီ. . .။

ပီတိအဟုန်ကြောင့် ဝမ်းမြောက်ဝမ်းသာဥဒါန်းကျူးရင့်တော်မူခဲ့ပါသည်။ ယခုခေတ်အခါ ရုပ်ပွားတော်၊ စေတီတော်များကို အနေကဇာတင်သော စကားတော်များ ဖြစ်ပါသည်။

ပရိနိဗ္ဗာန်စံဝင်တော်မူသောနေ့၌ မိန့်ကြားခဲ့သော နောက်ဆုံးမိန့်ကြားချက်

ပရိနိဗ္ဗာန်စံဝင်ခါနီးတွင် ဗုဒ္ဓမြတ်စွာဘုရား နောက်ဆုံး မှာကြားတော်မူသော တရားတော်စကားမှာ “ဟန္ဒဒါနိ၊ ဘိက္ခဝေ၊ အာမန္တယာမိဝေါ၊ ဝယဓမ္မာသင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထ”ဟူ၍ ဖြစ်ပါသည်။

အဓိပ္ပာယ်မှာ

“ငါဘုရားပရိနိဗ္ဗာန်စံဝင်ခါနီး ယခုလို နောက်ဆုံးအချိန်တွင် သင်ချစ်သား၊ ချစ်သမီးတို့ကို နောက်ဆုံးစကား မိန့်ကြားခဲ့မည်။ သင်္ခါရာပြုပြင်စီရင်ပေးနေရသော ရုပ်နာမ်ဓမ္မတရားအပေါင်းတို့သည် ဖြစ်လျှင်ပျက်စီးတတ်သော သဘောရှိကြလေကုန်၏။ ထို့ကြောင့် သင်ချစ်သား၊ ချစ်သမီးတို့သည် မမေ့မလျော့သော သတိတရားဖြင့် ပျက်စီးခြင်းသဘောမရှိသော နိဗ္ဗာန်သို့ ရောက်ကြောင်း သူတော်ကောင်းတရားဖြစ်သည့် သတိပဋ္ဌာန်ဝိပဿနာ တရားတို့ကို ပြည့်စုံအောင် အားထုတ်ကြပါကုန်ဟူ၍ ဖြစ်ပါသည်။ ။

ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ပညာရေးရန်ပုံငွေအတွက် မေ ၈ရက်က ကျောင်းအုပ်ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာရထံ အလှူရှင်အင်းစိန်မြို့ (က+ခ)ရပ်ကွက်၊ က−၄လမ်းနေ ဦးအောင်မြင့်−ဒေါ်အမာဆွေ မိသားစုက အလှူငွေကျပ် တစ်သိန်းပေးအပ်လှူဒါန်းစဉ်။ (၆၁)

မိုးကုတ်ဝိပဿနာ ၁၀ ရက် တရားစခန်း

ရန်ကုန် မေ ၁၀

မြောက်ဥက္ကလာပမြို့နယ် ည−ရပ်ကွက်၊ ပုပ္ပား ၂ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာကျောင်းတွင် လစဉ်တရားစခန်းပွဲ ဖွင့်လှစ်လျက်ရှိရာ (၁၃၈)ကြိမ်မြောက် တရားစခန်းပွဲတွင် ပုပ္ပား ၂ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ ဆရာတော် ဘဒ္ဒန္တ သောဘန(ဓမ္မာစရိယ၊ LL.B)၊ ပန်းချီဆရာကြီး ဦးလွန်းကြွယ်နှင့် ပုပ္ပား ၃ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ ဆရာတော် ဘဒ္ဒန္တ ဇာဂရ (ဓမ္မာစရိယ၊ မဟာဓမ္မာစရိယ)တို့က ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် သစ္စာဆိုက်အောင် ဟောကြားပြသမည်ဖြစ်ရာ ယောဂီများ ကဆုန်လပြည့်ကျော် ၃ ရက်၊ မေ ၁၄ ရက် (တနင်္ဂနွေနေ့) ညနေ အရောက်လာကြရန်နှင့် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း ၆၉၀၀၅၉ သို့ဖြစ်စေ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က−ပ)

ရွှေမင်းဝံဆရာတော် ဂုဏ်ပြုပူဇော်ပွဲ

ရန်ကုန် မေ ၁၀

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ကျေးဇူးရှင် ရွှေမင်းဝံ ဆရာတော် ဘဒ္ဒန္တသောဘန(မဟာကမ္မဋ္ဌာနာစရိယ) မထေရ်အား အဂ္ဂမဟာ ပူဇော်ပွဲကို ၁၃၆၈ခုနှစ်၊ ကဆုန်လပြည့်ကျော် ၇ရက် မေ ၁၈ရက် (ကြာသပတေးနေ့)တွင် တပည့်ရဟန်းသံဃာတော်များနှင့် ရွှေဘိုမြို့နယ် ကင်းဗျာကျေးရွာ၊ အိုးဘိုကျေးရွာတို့မှ ဒါယကာ၊ ဒါယိကာများက ထပ်ဆင့်ပူဇော်မည်ဖြစ်ကြောင်း သိရသည်။ (က−ပ)

မရမ်းကုန်းမြို့နယ် သမိုင်းဘူတာရုံလမ်းနေ ဆရာဦးမောင်ကို−ဒေါ်ကြည်၊ မြေး မခင်ရွှေရည်သန်းတို့က အလှူငွေကျပ်တစ်သိန်းကို အင်းစိန်မြို့ ကွက်သစ် မာလာရာမဘုန်းတော်ကြီးကျောင်းဝင်းရှိ စိန်ရတနာနာရေးကူညီမှုအသင်းသို့ လှူဒါန်းရာ အသင်းနာယက ဦးလှကြီးနှင့်အဖွဲ့က လက်ခံရယူပြီး ဂုဏ်ပြုလွှာပြန်လည်ပေးအပ်စဉ်။ (ကြေးမုံ)

အိန္ဒိယနိုင်ငံမဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း တိုးချဲ့မြေကွက်သစ် ဝယ်ယူရန်အတွက် ၃၂/၃၃လမ်းကြား၊ လမ်း(၈၀)မန္တလေးမြို့ ရဟန်းမယ်တော်ကြီး ဒေါ်ပြုံး၊ သားသမီး မြေး တစ်စုတို့က ကျပ် ၁၀၀၀၀၀ကို အကျိုးတော်ဆောင် ဆရာတော်များရှေ့မှောက်၌ တာဝန်ခံ ဗိုလ်မှူးချုပ် ခင်မောင်အေး(ငြိမ်း)ထံမေပြီ၉ရက်က ပေးအပ်လှူဒါန်းစဉ်။ (က−ပ)

ညောင်ပင်သာဆရာတော် တရားပွဲများ

ရန်ကုန် မေ ၁၀

အင်းစိန်မြို့နယ် မင်းစေတီလမ်း ညောင်ပင်သာကျောင်းတိုက် မိုးကုတ်ဝိပဿနာရိပ်သာ၏ ပဓာန နာယက ကမ္မဋ္ဌာနာစရိယ နယ်လှည့်ဓမ္မကထိက အရှင်မာလာစာရ(ဓမ္မာစရိယ) အရှင်သူမြတ်သည် မေ ၁၁ရက်တွင် ဒဂုံမြို့သစ် မြောက်ပိုင်း (၅)ရပ်ကွက် သာသနာ့ရောင်ခြည်ဓမ္မာရုံ၊ မေ ၁၄ ရက်မှ ၁၈ ရက်အထိ မန္တလေးမြို့ မျက်ပါးရပ် ဖျာတန်း သာသနာ့ဗိမာန်ဓမ္မာရုံ၊ မေ ၂၇ ရက်တွင် မြောက်ဥက္ကလာပ (၄)ရပ်ကွက် ဗြဟ္မစိုရ်ဓမ္မာရုံတို့တွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ညစဉ်ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က−ပ)

သြစတြေးလျနိုင်ငံ ဘီကွန်စဖီး ရွှေတွင်းတွင် ပိတ်မိနေသူများအား ကယ်ဆယ်ရေးအဖွဲ့က ကယ်တင်ခဲ့ပြီးနောက် လွတ်မြောက်လာသူများကို မေ ၈ ရက်ကတွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တရုတ်နိုင်ငံ၌ ဆိပ်ကမ်းဖုန်သစ်နှစ်ခု ထပ်မံတည်ဆောက်မည်

ပေကျင်း မေ ၉

တရုတ်နိုင်ငံတွင် ဆိပ်ကမ်းဖုန်သစ်နှစ်ခု ထပ်မံတည်ဆောက်ရန် စီစဉ်လျက်ရှိကြောင်း၊ ရှန်ဟိုင်း၊ ဆင်ကျန်းနှင့် တီယန်ကျင်းမြို့များအနီးဝန်းကျင်တွင် အဆိုပါ ဆိပ်ကမ်းဖုန်များ တည်ဆောက်မည်ဖြစ်ကြောင်း ဆက်သွယ်ရေး ဝန်ကြီးက ကြေညာချက်ထုတ်ပြန်ခဲ့သည်။

ထိုင်ဝမ် ရေလက်ကြား၏ တရုတ်ပြည်မကြီးဘက်ခြမ်းဒေသတွင် တည်ရှိသော ဖူကျင့်ပြည်နယ် တောင်ပိုင်းတွင် လည်းကောင်း၊ ဟိုင်နန်နှင့် ကွမ်တုန်ပြည်နယ် တောင်ပိုင်းတွင် လည်းကောင်း ဆိပ်ကမ်းဖုန်နှစ်ခု ထပ်မံ တည်ဆောက်မည်ဖြစ်ကြောင်း ဆက်သွယ်ရေးဝန်ကြီး လီရှန်လင်း၏ ပြောကြားချက်ကို ကိုးကား၍ တရုတ်နေ့စဉ်သတင်းစာက ရေးသားဖော်ပြခဲ့သည်။

တရုတ်နိုင်ငံ၏ ၂၀၀၆-၂၀၁၀ ပြည့်နှစ် လူမှုရေးနှင့် စီးပွားရေး ဖွံ့ဖြိုးရေး အစီအစဉ်တွင် ဆိပ်ကမ်းသစ်များ တည်ဆောက်မှုသည် တစ်စိတ်တစ်ပိုင်း ပါဝင်ကြောင်း လီက ဆိုသည်။

နိုင်ငံအရှေ့တောင်ပိုင်းရှိ ဆိပ်ကမ်းဖုန်အဖြစ် ရှားမင်းမြို့တွင် ဆိပ်ကမ်းများ တည်ဆောက်မည် ဖြစ်သည်။ ထိုမြို့သည် ဖူကျင့်ပြည်နယ်၏ စီးပွားရေး အချက်အချာကျသောနေရာ ဖြစ်သည်။ ထိုပြည်နယ်သည် ဖူကျိုး၊ ကွမ်ကျိုး၊ ပူရှန်နှင့် ရှန်ကျိုးမြို့ကြီးများ၏ဒေသနှင့် စီးပွားရေး ဆက်နွယ်ရာဖြစ်သည်။ ရှန်ကျိုးမြို့ ပင်လယ်ဆိပ်ကမ်းသည် တရုတ်နိုင်ငံ၏ ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့ တင်သွင်းသော ပင်လယ်ဆိပ်ကမ်းဖြစ်ပြီး ကျန်ဆိပ်ကမ်းများ အားလုံးကို ကုန်ပစ္စည်း တင်ပို့ရာတွင် အသုံးပြုမည်ဖြစ်သည်။

ထိုင်ဝမ်ရေလက်ကြား၏ အနောက်ကမ်းရိုးတန်း စီးပွားရေးဇုန် အဖြစ် ဖူကျိုးဆိပ်ကမ်းစီမံကိန်းကို အကောင်အထည်ဖော်ရန်ဗဟိုအစိုးရက စီစဉ်ထားသည်။

တရုတ်နိုင်ငံနှင့် တရုတ်တိုင်ပေအကြား စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အဆိုပါ ဆိပ်ကမ်းတည်ဆောက်ခြင်းဖြစ်သည်ဟု သိရှိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံတွင်ကားဗုံး သုံးလုံးပေါက်ကွဲ လူ ၁၂ဦးထက်မနည်းသေဆုံး၊ ၂၆ဦးဒဏ်ရာရ

ဘဂ္ဂဒက် မေ ၉

ဘဂ္ဂဒက်မြို့တော်အနီးအပါးဒေသတွင် တနင်္လာနေ့က ကားဗုံးသုံးလုံးပေါက်ကွဲခဲ့ရာ လူ ၁၂ ဦးထက်မနည်း သေဆုံးပြီး ၂၆ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အီရတ်နိုင်ငံ ကာဘာလာမြို့တွင် ပြည်နယ်အစိုးရ၏အဆောက်အအုံအနီး ကားဗုံး တစ်လုံးပေါက်ကွဲခဲ့ရာ လူငါးဦး သေဆုံးပြီး လူ ၁၈ဦးဒဏ်ရာရရှိခဲ့သည်။

ကာဘာလာမြို့တွင်ဗုံးပေါက်ကွဲပြီး မိနစ်ပိုင်းအကြာ ဘဂ္ဂဒက်မြို့တော်တွင် ကားဗုံးနှစ်လုံးပေါက်ကွဲသည်။ ယင်းဗုံးပေါက်ကွဲမှုသည် အီရတ်စစ်တပ်ကင်းလှည့်ယာဉ်ကို ပစ်မှတ်ထား တိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး လူရှစ်ဦးသေဆုံးကာ လူ ၁၅ ဦးဒဏ်ရာရရှိခဲ့သည်။ ဒုတိယမြောက် ပေါက်ကွဲခဲ့သည့် ဗုံးကြောင့် အရပ်သားတစ်ဦးသေဆုံးပြီး လူငါးဦး ဒဏ်ရာရရှိခဲ့သည်။***အမ်အင်အေ၊ဆင်ဟွာ။***

ရေဖြည့်ထည့်ထားသည့် ဖန်လုံးကြီးအတွင်း ခုနစ်ရက်ကြာ နေပြီး ထူးခြားစွမ်းရည်ပြသရန် ကြိုးပမ်းခဲ့သည့် နယူးယောက်မြို့မှ မျက်လှည့်ပညာရှင် ဒေးဗစ်ဘလိန်း ခုနစ်ရက်မပြည့်မီ ပြန်ထွက်လာရသည်ကို မေ ၈ ရက်တွင် တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ငွေကြေးပြဿနာများ ဖြေရှင်းနိုင်ရန် ပါလက်စတိုင်းသို့ ရုရှားက ထောက်ပံ့ငွေများပေးပို့

ဂါဇာ မေ ၉

ရုရှားနိုင်ငံသည်ပါလက်စတိုင်းသမ္မတမာမွတ်အဘတ်စ်၏ရုံးသို့ အရေးပေါ်အကူအညီအဖြစ် အမေရိကန်ဒေါ်လာ ၁၀ သန်းကို မေ ၆ ရက်တွင် ပေးပို့ခဲ့ကြောင်း ပါလက်စတိုင်း တာဝန်ရှိသူများက ပြောကြားသည်။

ငွေကြေးထောက်ပံ့မှုနှင့်ပတ်သက်၍ ပါလက်စတိုင်းဘဏ္ဍာရေးဝန်ကြီးဌာနကို အသိပေးခဲ့ကြောင်း၊ဟားမားစ်အဖွဲ့ဦးဆောင်သော အစိုးရထံ တိုက်ရိုက်ပေးအပ်ခြင်းမဟုတ်ဘဲအဘတ်စ်ထံ ပေးအပ်ခြင်း ဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

ကုလသမဂ္ဂ၊ အမေရိကန်၊ ဥရောပသမဂ္ဂနှင့်ရုရှားတို့ပါဝင်သော ကွာတက်အဖွဲ့သည်ပါလက်စတိုင်းတို့အားငွေကြေးထောက်ပံ့ရေးကိစ္စကို မေ ၉ ရက်တွင် ဆွေးနွေးရန် မျှော်မှန်းထားသည်။

အဘတ်စ်သည် လူသားချင်းစာနာထောက်ထားသောအစီအစဉ်များအတွက် ထိုငွေကြေးများကို ချက်ချင်းဝေငှသုံးစွဲစေမည်ဖြစ်သည်။

အစိုးရလုပ်သားများကို လစာမပေးနိုင်မှု ပြဿနာကို ပါလက်စတိုင်းအာဏာပိုင်က ဖြေရှင်းပေးနိုင်တော့မည်ဖြစ်ကြောင်း ကိုင်ရိုရှိ ဥရောပအထက်တန်းတာဝန်ရှိ ပုဂ္ဂိုလ်က မေ ၆ ရက်တွင် ပြောကြားသည်။

ငွေကြေးပြဿနာ တွေ့ကြုံနေရသည့် ဟားမားစ်ဦးဆောင်သော အစိုးရအဖွဲ့သည် အရပ်ဘက်ဝန်ထမ်း ၁၆၀၀၀၀ ကျော်၏ မတ်နှင့် ဧပြီလတို့အတွက် လစာ မပေးရသေးပေ။

အမ်အင်အေ၊ဆင်ဟွာ။

တန်ဇန်းနီးယားနိုင်ငံအတွင်းသို့ ခိုးဝင်လာသူများအား ဖမ်းဆီး

ဒါရက်ဆလမ် မေ ၉

တန်ဇန်းနီးယားရဲတပ်ဖွဲ့က နိုင်ငံအတွင်းသို့ တရားမဝင် ခိုးဝင်နေထိုင်သူ ဆိုမာလီနိုင်ငံသား ၂၅ဦး၊ အီသီယိုးပီးယားနိုင်ငံသား ၂၀ နှင့် လိုင်ဘေးရီးယားနိုင်ငံသားသုံးဦးတို့ကို ဖမ်းဆီးထိန်းသိမ်းထားကြောင်း ရဲတပ်ဖွဲ့သတင်းရပ်ကွက်က တနင်္လာနေ့တွင် ပြောကြားလိုက်သည်။

၎င်းတို့ကို လွန်ခဲ့သည့်ရက်သတ္တပတ် သောကြာနေ့ညက ထိန်းသိမ်းခဲ့ခြင်းဖြစ်သည်ဟု ဒါရက်ဆလမ်မြို့တော် ရဲမင်းကြီး အဲဖရက်တိုင်ဘောဂါနာက ပြောကြားသည်။

၎င်းတို့ကို ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးပြီးနောက်ရုံးတင်စစ်ဆေးနိုင်ရန်ဆက်လက်ဆောင်ရွက်မည်ဖြစ်သည်ဟု ရဲမင်းကြီးက ဆက်လက်ပြောကြားသည်။

တန်ဇန်းနီးယားနိုင်ငံ အတွင်းသို့ ယမန်နှစ် ဇန်နဝါရီလနှင့် ဧပြီလတွင် ခိုးဝင်မှုကြောင့် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသည့် ပြည်ပနိုင်ငံသား ဦးရေသည် စုစုပေါင်း ၅၄၈ဦး ရှိသွားပြီဖြစ်သည်။

နိုင်ငံအတွင်းသို့ ခိုးဝင်သူအများစုကို ၎င်းတို့၏ဌာနေနိုင်ငံသို့ပြည်လည်ပေးပို့ခဲ့သည်ဟုရဲတပ်ဖွဲ့သတင်းရပ်ကွက်များက ပြောကြားသည်။***အမ်အင်အေ၊ဆင်ဟွာ။***

နီပေါ၌ မြစ်ရေလျှံ

ခတ္တမန္ဒူ မေ ၉

နီပေါနိုင်ငံအနောက်ပိုင်း၌ စနေနေ့တွင်မြစ်ရေလျှံသဖြင့် လူခုနစ်ဦးထက်မနည်း သေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာ ရဲအရာရှိက တနင်္လာနေ့တွင်အတည်ပြုပြောကြားသည်။

ခတ္တမန္ဒူမြို့၏အနောက်ဘက် ကီလိုမီတာ ၃၀၀ အကွာရှိ ဘက်လွန်းခရိုင် အဒီကရီချာကျေးရွာမှ တည်းခိုရိပ်သာတစ်ခု ရေထဲမျောပါသွားသဖြင့် လူခုနှစ်ဦးထက်မနည်း သေဆုံးသွားကြောင်း ခရိုင် ရဲတပ်ဖွဲ့ရုံးမှ ဒုတိယရဲမှူး ရှိဝဟာရီဘာစကိုတာက သတင်းထုတ်ပြန်ချက်တစ်ရပ်တွင် ပြောကြားသည်။

အဆိုပါ ဒေသတွင် မွန်းလွဲပိုင်းက အဆက်မပြတ် မိုးရွာသွန်းမှုကြောင့် မြစ်ရေလျှံခဲ့ခြင်းဖြစ်ကြောင်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဇင်ဘာဘွေတွင် အမဲလိုက်သူတစ်ဦး ဆင်နင်းခံရ၍သေဆုံး

ရောမ မေ ၉

အီတလီ ဒီဇိုင်းပညာရှင်အန်နာမိုလီနာရီ၏ခင်ပွန်းသည် ဇင်ဘာဘွေနိုင်ငံတွင် အပျော်တမ်း အမဲလိုက်ထွက်စဉ် ဆင်နင်းခံရပြီးသေဆုံးခဲ့ကြောင်းဖက်ရှင်ဒီဇိုင်းကုမ္ပဏီက ပြောကြားသည်။

ဂန်ပါအိုလိုစကရာဘီနီသည် အာဖရိကနိုင်ငံများသို့ လာရောက်လည်ပတ်လေ့ရှိသူ ဖြစ်သည်။ ၎င်းသည် သူငယ်ချင်းတစ်ဦးနှင့် အမဲလိုက်မုဆိုးတို့နှင့်အတူ ဇမ်ဘီဇီတောင်ကြားသို့ အမဲလိုက်ထွက်ခဲ့သည်။ ၎င်းတို့အုပ်စုရှိရာသို့ ဆင်နှစ်ကောင် အမှတ်မထင် ရောက်လာပြီး၊ တစ်ကောင်က ၎င်းကို တက်နင်းခဲ့ခြင်းဖြစ်သည်။

အသက် ၆၇ နှစ်ရှိ ဝကရာဘီနီသည် အန်နာမိုလီနာရီနှင့်အတူ ဘလူးမရိန်းဖက်ရှင်ကုမ္ပဏီကို ၁၉၇၇ ခုနှစ်တွင် တည်ထောင်ခဲ့သည်။***အမ်အင်အေ၊ရိုက်တာ။***

ဂျာမနီ၌ လေယာဉ်တိုက်မှုဖြစ်ပွား

ဘာလင် မေ ၉

ဂျာမနီနိုင်ငံ ဘာဗေးရီးယားပြည်နယ် အက်စ်ချာဖင်းဘတ်မြို့အနီး၌ တနင်္လာနေ့တွင် စက်မဲ့လေယာဉ် တစ်စင်းနှင့် လေယာဉ်ငယ်တစ်စင်း တိုက်မိရာ လူနှစ်ဦး သေဆုံးသွားကြောင်း ဒီပီအေ ဂျာမန်သတင်းဌာနက ဖော်ပြသည်။

အဆိုပါ လေယာဉ် နှစ်စင်းသည် အက်စ်ချာဖင်းဘတ်မြို့အနီးရှိ လေယာဉ်ကွင်းတစ်ခုတွင် ဆင်းသက်နေစဉ် တိုက်မိခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ စက်မဲ့လေယာဉ်မှာ သစ်တောတစ်ခုအတွင်းသို့ ပျက်ကျသွားပြီး လေယာဉ်ပေါ်တွင် လိုက်ပါလာသူ နှစ်ဦးစလုံး သေဆုံးသွားသည်။

သို့သော် လေယာဉ်ငယ်မှာ လေဆိပ်သို့ ချောမောစွာ ဆင်းသက်နိုင်ခဲ့ပြီး လေယာဉ်ပေါ်တွင်လိုက်ပါလာသူ သုံးဦးစလုံးမှာထိခိုက်ဒဏ်ရာရရှိခဲ့ခြင်းမရှိပေ။

လေယာဉ်တိုက်မှု ဖြစ်ပွားရခြင်း အကြောင်းရင်းကို လေကြောင်းပျံသန်းမှုတာဝန်ရှိသူများက စုံစမ်းစစ်ဆေးလျက်ရှိသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

တရုတ်နိုင်ငံ အန်ဟွေးပြည်နယ် ဟီဖီတက္ကသိုလ်မှ သိပ္ပံပညာရှင်များ၏ ကြိုးပမ်းမှုကြောင့် မွေးဖွားလာသော ပုံတူကိုယ်ပွား သိုးကလေးနှင့် မိခင် သိုးမတို့ကို မေ ၈ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဓာတ်ငွေ့မှ လောင်စာရည် တန်ဇန်းနီးယားနိုင်ငံ ထုတ်လုပ်မည်

ဒါရက်ဆလမ် မေ ၉

တန်ဇန်းနီးယားနိုင်ငံက ယင်းနိုင်ငံမှ ဘတ်စ်ကားနှင့် ကုန်တင်ထရပ်ကားများအတွက် အသုံးပြုရန် ဓာတ်ငွေ့မှ ဓာတ်ငွေ့ရည် ဂျီတီအယ်လ်လောင်စာဆီ စမ်းသပ်ထုတ်လုပ်ရန် သဘောတူညီလိုက်ရာ အာဖရိကဒေသတွင် ယင်းသို့ ထုတ်လုပ်ရန် သဘောတူခဲ့သည့် ပဋ္ဌမမြောက်နိုင်ငံဖြစ်သည်။

ယင်းလုပ်ရှားမှုသည် မော်တော်ယာဉ်မှ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်မှု လျော့ကျစေပြီး ဒေသ၏ သဘာဝပတ်ဝန်းကျင် အခြေအနေတိုးတက်မှုရှိစေရန် ရည်ရွယ်ပြုလုပ်သည့် လှုပ်ရှားမှုဖြစ်သည်။

မိုဇမ်ဘစ်၊ ကင်ညာ၊ တန်ဇန်းနီးယား၊ ဆူဒန်နှင့်အီဂျစ်နိုင်ငံတို့သည် လောင်စာသစ် ထုတ်လုပ်ရေးအတွက် စိတ်ဝင်တစားရှိကြောင်း ပြသလျက်ရှိသည်။ သို့ရာတွင် ယင်းနိုင်ငံများက မော်တော်ယာဉ်များ သုံးစွဲရန်အတွက်သာ ငွေရင်းနှီးမြှုပ်နှံနိုင်မည့် အခွင့်အရေးကို စောင့်မျှော်နေကြခြင်းဖြစ်သည်။

ဓာတ်ငွေ့မှ ဓာတ်ငွေ့ရည်လောင်စာဆီအဖြစ် ပြောင်းလဲထုတ်လုပ်ရာတွင် ဈေး အလွန်ကြီးမြင့်သော်လည်း နည်းပညာသည်သန့်စင်မှုရှိပြီး ကမ္ဘာတစ်ဝန်းရှိရေနံမြေအားလုံးတွင် မီးရှို့ပစ်ကာ ဆုံးရှုံးနေသည့်သဘာဝဓာတ်ငွေ့မှ ထုတ်ယူသည့် လောင်စာဖြစ်၍ သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်လျက်ရှိနေသည်။

အမ်အင်အေ၊ဆင်ဟွာ။

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင် မျက်နှာအလှပြုပြင်လိုသူများကို ကော့စမစ်ခွဲစိတ်ကုသနည်းဖြင့် ပြုပြင်ကုသပေးနေသည်ကို မေ ၈ ရက်က တွေ့ရစဉ်။*(ဓာတ်ပုံ–အင်တာနက်)*



ရုရှားနိုင်ငံ ကီးယက်ဗ်မြို့၌ကျင်းပသည့် (၆၁)နှစ်မြောက် ဒုတိယကမ္ဘာစစ်အောင်ပွဲနေ့ အခမ်းအနားတွင် ပါဝင်တက်ရောက်သူများကို မေ ၉ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

ကြက်ငှက်တုပ်ကွေးလုပ်ငန်းအစီအစဉ် ထိုင်းတင်ပြ

ဗန်ကောက် မေ ၉

ထိုင်းနိုင်ငံက ကြက်ငှက်တုပ်ကွေး လုပ်ငန်းအစီအစဉ်တစ်ရပ်ကို အရှေ့တောင်အာရှ အိမ်နီးချင်းနိုင်ငံများသို့ တနင်္လာနေ့တွင် တင်ပြလိုက်ပြီး ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားခဲ့သည့် ဒေသများအတွက် နိုင်ငံတကာ အကူအညီရရှိရန် ပန်ကြားလိုက်သည်။

တင်ပြ

ကြက်ငှက် ကျန်းမာရေး စိစစ်ထောက်လှမ်းခြင်းနှင့် ရောဂါထိန်းချုပ်ရေး ကြိုးပမ်းမှုများကဲ့သို့သော အဓိကလုပ်ငန်းများပါဝင်သည့် အဆိုပါ လုပ်ငန်းအစီအစဉ်ကို ဗန်ကောက်မြို့တွင် ကျင်းပသည့် အစည်းအဝေးသို့ တက်ရောက်လျက်ရှိသည့် လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်နှင့် မြန်မာနိုင်ငံတို့မှ တာဝန်ရှိသူများထံ တင်ပြခဲ့သည်။

ဆွေးနွေး

မိမိတို့ဆွေးနွေးခဲ့ကြသည့်အကြောင်းအရာများနှင့် သဘောတူညီမှုရရှိခဲ့ကြသည့် အချက်အလက်များကို ခိုင်လုံသည့် လုပ်ငန်းအစီအစဉ် တစ်ရပ်အဖြစ်သို့ ရောက်ရှိလာအောင် အကောင်အထည်ဖော်ပေးရန် လိုအပ်ကြောင်း ထိုင်းနိုင်ငံခြားရေးဝန်ကြီး ကန်တာသီ ဆူဖာမွန်ကွန်းက အစည်းအဝေးတွင် ပြောကြားသည်။

သေဆုံး

H5N1ဗိုင်းရပ်စ်သည် အာရှဒေသ၌ ၂၀၀၃ ခုနှစ်တွင် ပြန်လည်ပေါ်ထွက်လာခဲ့သည်။ ယင်းအချိန်မှစ၍ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံပေါင်း ၄၈ နိုင်ငံကျော်သို့ ပျံ့နှံ့သွားခဲ့ပြီး နိုင်ငံကိုးနိုင်ငံတွင် လူ ၁၁၄ ဦး သေဆုံးခဲ့ရသည်။

ထိုင်းနိုင်ငံက အိမ်နီးချင်းနိုင်ငံများမှ တာဝန်ရှိသူများကို သင်တန်းပို့ချပေးရန်နှင့် လုပ်ငန်းသုံးကိရိယာများ ဖြည့်ဆည်းပေးရန် အမေရိကန် ဒေါ်လာ ၂၁သမ ၅သန်း ကြိုတင်လျာထားပေးခဲ့သည်။ လုပ်ငန်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန် နိုင်ငံတကာ လုပ်ဖော်ကိုင်ဖက်များ၏ အထောက်အပံ့ လိုအပ်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အာဖဂန်နစ္စတန်နယ်စပ်တွင် ကန်ရဟတ်ယာဉ်များက ဒုံးကျည်ဖြင့်ပစ်ခတ် သုံးဦးဒဏ်ရာရရှိပြီး ရှစ်ဦးပျောက်ဆုံးလျက်ရှိ

အစ္စလမ္မာဘတ် မေ ၉

လက်နက်အပြည့်အစုံတပ်ဆင်ထားသည့် အမေရိကန်ရဟတ်ယာဉ်များက အာဖဂန်နစ္စတန် နယ်စပ်တစ်လျှောက်ရှိ ပါကစ္စတန်နယ်မြေအတွင်း တနင်္လာနေ့က ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လူသုံးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဂျီအိုရုပ်မြင်သံကြားအစီအစဉ်က ဖော်ပြသည်။

ယင်းသို့ ပစ်ခတ်တိုက်ခိုက်ခဲ့ပြီးသည့်နောက် လူရှစ်ဦးပျောက်ဆုံးလျက်ရှိသည်ဟု ယင်းရုပ်မြင်သံကြားဌာနက ဆက်လက်ဖော်ပြသည်။

ဝါဇီရစ္စတန်ပြည်နယ် တောင်ပိုင်း စစ်ဌာနချုပ်တည်ရှိသော ဂါနာဒေသ အနောက်ဘက်ကီလိုမီတာ ၆၀ အကွာ အန်ရှိအက်ဒါဒေသကို ရဟတ်ယာဉ်များက ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။

ပျောက်ဆုံးနေသူရှစ်ဦးမှာ သေဆုံးဖွယ်ရှိသည်ဟု ရုပ်မြင်သံကြားက ဖော်ပြသည်။ သို့ရာတွင် ယင်း တိုက်ခိုက်မှုနှင့် စပ်လျဉ်း၍ အတည်ပြုခြင်း မရှိသလို အသေအပျောက် မည်မျှရှိသည်ကိုလည်း အတည်ပြုခြင်းမရှိပေ။

အမေရိကန် ရဟတ်ယာဉ်များသည် ပါကစ္စတန်နယ်မြေပိုင်နက်အတွင်း ကျူးကျော်ဝင်ရောက်ပြီး တောင်ထူထပ်ရာဒေသတွင် ဓာတ်သတ္တုတူးဖော်နေသည့် အလုပ်သမားများကို ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။ အီရတ်နိုင်ငံ မြောက်ပိုင်းနှင့် အနောက်ပိုင်းတို့တွင် တနင်္လာနေ့က အမေရိကန်တပ်ဖွဲ့ဝင် နှစ်ဦးထက်မနည်း သေဆုံးခဲ့သည်ဟု အမေရိကန် စစ်ဘက်က စောစောပိုင်းတွင် ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

နိုင်ငံတကာသတင်းများ

ဂျာမနီနိုင်ငံ ဟန်နိုဗာမြို့ရှိ တိရစ္ဆာန်ဥယျာဉ်တွင် ဆင်လိမ္မာတစ်ကောင်က ဘောလုံးကန်ပြနေသည်ကို မေ ၈ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

အီရတ်တွင် ဗုံးဖောက်ခွဲ ကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံး

ဘဂ္ဂဒက် မေ ၉

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်၏ အရှေ့တောင်ပိုင်းတွင် အမေရိကန် တပ်ဖွဲ့ဝင်များ စီးနင်းလိုက်ပါ သည့် မော်တော်ယာဉ်သည် လမ်းဘေးဗုံးဖောက်ခွဲခံရသဖြင့် တနင်္လာနေ့က အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

ဘဂ္ဂဒက်မြို့တော် အရှေ့တောင်ပိုင်းတွင် အမေရိကန် တပ်ဖွဲ့ဝင်များ၏ မော်တော်ယာဉ် ကင်းလှည့်နေစဉ် လက်လုပ်ဗုံးနင်းမိသဖြင့် နံနက် ၁၁ နာရီ ၁၀ မိနစ်က နိုင်ငံစုံတပ်ဖွဲ့တပ်မမှ အမေရိကန်တပ်ဖွဲ့ ဝင်တစ်ဦး သေဆုံးခဲ့ခြင်းဖြစ်သည်ဟု စစ်ဘက်ကြေညာချက်တွင် ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် မုန်တိုင်းတိုက်ခတ် ၁၆ ဦး သေဆုံးပြီး လူ ၂၀၀ ကျော် ဒဏ်ရာရ

ဒါကာ မေ ၉

မြို့တော်ဒါကာ အပါအဝင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အနောက်ပိုင်းနှင့် မြောက်ပိုင်းဒေသအချို့တွင် တနင်္ဂနွေနေ့ ညနေက အပူပိုင်းမုန်တိုင်း တိုက်ခတ်သွားခဲ့ရာ လူ ၁၆ဦးသေဆုံးပြီး လူ ၂၀၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

မုန်တိုင်း တိုက်ခတ်နေစဉ်အတွင်း မိုးကြိုးပစ်ခံရခြင်း၊ သစ်ပင်ပိခံရခြင်း၊ နံရံပိခံရခြင်းတို့ကြောင့် လူအများအပြား သေဆုံးခဲ့ရခြင်းဖြစ်သည်ဟု မိုင်မင်ဆင်းခရိုင်မှ တာဝန်ရှိပုဂ္ဂိုလ်များက တနင်္လာနေ့တွင် ပြော ကြားသည်။

မိုင်မင်ဆင်းခရိုင်တွင် ကလေးငယ်ငါးဦး မိုးကြိုးပစ်ခံရသဖြင့် သေဆုံးခဲ့ပြီး လူ ၁၀၀ ကျော် ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်ဟု အဆိုပါခရိုင်မှ တာဝန်ရှိပုဂ္ဂိုလ် အတူကာရင်က ပြောကြားသည်။

လေမုန်တိုင်းသည် တစ်နာရီလျှင် ၇၆ ကီလိုမီတာနှုန်းဖြင့် တိုက်ခတ်ခဲ့သဖြင့် အိမ်များ ရာချီ၍ပျက်စီးခဲ့ပြီး ရိတ်သိမ်းခါနီး စပါးခင်းများ ဆိုးဆိုးရွားရွား ထိခိုက်ပျက်စီးခဲ့ရသည်ဟု ကာရင်က ဆက်လက်ပြောကြားသည်။ လေမုန်တိုင်းသည် တစ်နာရီနီးပါး တိုက်ခတ်သွားသည်။***အမ်အင်အေ၊ဆင်ဟွာ။***

အာဖဂန်နစ္စတန်တောင်ပိုင်းတွင် ပစ်ခတ်မှုဖြစ်ပွား ရဲတပ်ဖွဲ့ဝင်နှစ်ဦးနှင့် စစ်သွေးကြွတစ်ဦး သေဆုံး

ကဘူး မေ ၉

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်းတွင် တာလီဘန် စစ်သွေးကြွများက ရဲတပ်ဖွဲ့မှ မော်တော်ယာဉ်တစ်စီးကို တနင်္လာနေ့က ချောင်းမြောင်းပစ်ခတ်ရာ ရဲတပ်ဖွဲ့ဝင်နှစ်ဦးနှင့် စစ်သွေးကြွတစ်ဦးတို့ သေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံ ဇဘူးပြည်နယ် ရှာဂျိုင်းခရိုင်တွင် နံနက် ၁၀ နာရီခန့်က တာလီဘန်စစ်သွေးကြွများက ရဲတပ်ဖွဲ့မှ မော်တော်ယာဉ်ကို ပစ်ခတ်ခဲ့ခြင်းဖြစ်သည်ဟု ပြည်နယ်ရဲအကြီးအကဲ မိုဟာမက်နာဘီက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

နာရီဝက်ခန့် ပစ်ခတ်မှုဖြစ်ပွားခဲ့ပြီး စစ်သွေးကြွလေးဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု ၎င်းက ပြောကြားသည်။

သေဆုံး

ဇဘူးပြည်နယ်နှင့် အနီးအပါးရှိ ဥရုဇဂန်၊ ကန်ဒါဟာနှင့် ဟယ်လ်မန်းပြည်နယ်တို့သည် တာလီဘန် စစ်သွေးကြွများ၏ ခြေကုပ်စခန်းများဖြစ်ပြီး တွန်းလှန်တိုက်ခိုက်မှုများ တိုးမြှင့်ပြုလုပ်လျက်ရှိရာ ယခုနှစ်စပိုင်းမှစ၍ အမေရိကန်တပ်ဖွဲ့ဝင် ၂၅ ဦးအပါအဝင် လူ ၃၀၀ ကျော် သေဆုံးခဲ့ရပြီး ဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း မန္တလေး စက်မှုဇုန်များ အဆင့်တိုးမြှင့်ရေး စီမံကိန်းရှိ သံရည်ကျိုစက်ခုတ်စား ပုံလောင်းပုံဖိစက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (စက်မှု-၁)

အရာထမ်း၊ အမှုထမ်းများသည် နိုင်ငံတော်အတွက်၊ ပြည်သူအတွက် တာဝန်ထမ်းနေ နိုင်ငံတော်အပေါ်သစ္စာရှိရန်၊ အတွေးအခေါ်အယူအဆ မှန်ကန်မှုရှိကြရန်လို

ရန်ကုန် မေ ၁၀

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် မေ ၈ ရက်တွင် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် တောင်စလင်းကျောင်းတိုက်ရှိ မဟာအောင်မြေဓမ္မဗိမာန်သို့ရောက်ရှိ၍ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် နိုင်ငံတော်ဝိနည်းဓိုရ် ဝါခင်းကုန်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဗဟုဇနဟိတဓရ ဘဒ္ဒန္တတိက္ခနှင့် သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ ဝန်ကြီး ဦးအောင်သောင်းသည် မန္တလေးစက်မှုဇုန်များ အဆင့်တိုးမြှင့်ရေး စီမံကိန်းရှိ သံရည်ကျိုစက်ခုတ်စား၊ ပုံလောင်းပုံဖိ စက်ရုံများသို့ ရောက်ရှိရာ ရှေးဦးစွာ Foundry Shop သို့ ရောက်ရှိ၍ သံရည်ကျိုခြင်းလုပ်ငန်းနှင့် သဲပုံလောင်းခြင်း လုပ်ငန်းများကို လည်းကောင်း၊ ပုံလောင်းပြီး စက်အပိုပစ္စည်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် Ware House သို့ရောက်ရှိပြီး စက်ရုံမှ ထုတ်လုပ်ထားသော စက်ကိရိယာ အစိတ်အပိုင်းပြခန်းရှိ စက်အရန်ပစ္စည်းများကို ကြည့်ရှုကာ စက်ရုံထုတ် စက်အရန်ပစ္စည်းများကို စနစ်တကျ ပြသမှတ်တမ်းတင်ထားရှိရေး မှာကြားသည်။

ယင်းနောက်ဝန်ကြီးသည် Machine Shopအမှတ်(၂)သို့ ရောက်ရှိ၍ ပုံလောင်းပြီး စက်အရန်ပစ္စည်းများကို တွင်ခုံများဖြင့် အချောကိုင်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် မန္တလေး စက်မှုဇုန်များ အဆင့်တိုးမြှင့်ရေး စီမံကိန်းသံရည်ကျိုစက်ခုတ်စား စက်ရုံများ တည်ဆောက်ရေးလုပ်ငန်း ရှင်းလင်းဆောင်၌ စက်မှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံရာ ရှေးဦးစွာ မန္တလေးတော်ဝင် စက်မှုလက်မှု ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးအောင်ဝင်းခိုင်က သံရည်ကျိုစက်ခုတ်စားပုံလောင်းပုံဖိ အဆင့်မြင့်စက်ရုံများကို ၂၀၀၄ခုနှစ် မေလတွင် စတင်တည်ဆောက်ခဲ့ရာ ၂၀၀၅ခုနှစ် ဩဂုတ်လတွင် ထုတ်လုပ်မှုလုပ်ငန်းများ အကောင်အထည်ဖော်မှု အခြေအနေ၊ အကျိုးအမြတ်အခြေအနေ၊ ဘဏ္ဍာရေး အခြေအနေစသည်တို့ကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက နိုင်ငံတော်အနေဖြင့် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် ဘက်စုံထောင်စုံမှ ပံ့ပိုးကူညီပေးနေကြောင်း၊ နိုင်ငံတော်၏ စေတနာကို လေးစားသောအားဖြင့် အစုရှယ်ယာများအပြည့်အဝထည့်ဝင်နိုင်ရေး စည်းရုံးဆောင်ရွက်သွားကြရန်၊ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးအမြင်ဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း၊ ထို့အပြင် ထုတ်လုပ်မှုလုပ်ငန်းများ အောင်မြင်ရန် အစုရှယ်ယာရှင်များအနေဖြင့် အတ္တ၊ပရ မျှတစွာ ပါဝင်ဆောင်ရွက်သွားကြရန်နှင့် ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားသွန်ခွန်စိုက် ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်းဖြင့် အသေးစိတ်ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် မန္တလေး စက်မှုဇုန် မော်တော်ယာဉ်ထုတ်လုပ်ရေး ဌာနသို့ရောက်ရှိ၍ထုတ်လုပ်ပြီး ကုန်ချိန် တန် ၃၅တန်ဆံ့ ကုန်တင်ယာဉ် ၁၀ဘီး ကားကို လည်းကောင်း၊ ကြက်ဆူဆီ (Bio Diesel) ၁၀၀ ရာခိုင်နှုန်းဖြင့် မောင်းနှင်နိုင်သော ခရီးသည်တင် ဘတ်စ်ကားကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက်ဝန်ကြီးသည်ကျောက်ဆည် စက်မှုဒေသသို့ ရောက်ရှိ၍ မြန်မာ့ကြွေထည်မြေထည် လုပ်ငန်း၏ဘိလပ်မြေစက်ရုံ (ကျောက်ဆည်) အစည်းအဝေးခန်းမ၌ စက်မှုနယ်မြေရှိ စက်ရုံမှူးများ၊ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ ဝန်ကြီးက အမှာစကား ပြောကြားရာတွင် မိမိတို့စက်ရုံများ၏ ရည်မှန်းချက်တာဝန်များ ပြည့်မီကျော်လွန်ရန် စက်ရုံမှူးများ၊ စီမံခန့်ခွဲသူများနှင့် အရာထမ်း၊ အမှုထမ်းများအနေဖြင့် ညီညွတ်မျှတစွာ ပေါင်းစပ်ဆောင်ရွက်သွားကြရန်တိုက်တွန်းပါကြောင်း။

အရာထမ်း၊ အမှုထမ်းများသည် နိုင်ငံတော်အတွက်၊ ပြည်သူ့အတွက် လုပ်ငန်းတာဝန်များ ထမ်းဆောင်နေကြရာ နိုင်ငံ့အပေါ်သစ္စာရှိကြရန်၊ မိမိတို့လုပ်ငန်းအပေါ် စေတနာထားကြရန်နှင့် အတွေးအခေါ် အယူအဆ မှန်ကန်မှုရှိကြရန် တိုက်တွန်းလိုကြောင်း၊ မိမိတို့၏လုပ်ငန်းများအပေါ် ကျွမ်းကျင်ပိုင်နိုင်စွာ သိရှိနေရန်နှင့် ဆင့်ကဲ တာဝန်ယူဆောင်ရွက်ခြင်း၊ တက်ကြွနိုးကြားစွာ ဆောင်ရွက်ခြင်း စသည့် အခြေခံ စိတ်ဓာတ်အခံရှိကြရန် လိုကြောင်း။

ထို့အပြင် ဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် အမိန့်နှင့်ညွှန်ကြားချက်များကို လေးစားလိုက်နာခြင်းအပြင် ကုန်ထုတ်လုပ်မှု ရည်မှန်းချက်တာဝန်များ ပြည့်မီကျော်လွန်ရေး၊ စက်စွမ်းအားပြည့်လည်ပတ်ထုတ်လုပ်ရေး၊ထုတ်လုပ်သည့် ထုတ်ကုန်ပစ္စည်းများ၏အရည်အသွေး ကောင်းမွန်ရေးနှင့် ခြိုးခြံချွေတာရေး စသည့်အချက်များကို လိုက်နာဆောင်ရွက်သွားကြရန်လိုကြောင်း စသည်ဖြင့် ပြောကြားသည်။

ထို့နောက် ဝန်ကြီးသည် မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း၏ ဘိလပ်မြေစက်ရုံ(ကျောက်ဆည်)သို့ ရောက်ရှိကာ မီးသင်းဖို၏ လည်ပတ်ထုတ်လုပ်မှု အခြေအနေများနှင့်ဘိလပ်မြေထုတ်လုပ်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် သကြားလုံးစက်ရုံ(ကျောက်ဆည်)ရှိ ချောကလက်စက်ရုံသို့ရောက်ရှိကာ နှစ်ထပ်ရောစပ်စက်၏ အခြေအနေ၊ ကြိတ်ချေရောမွှေစက် အခြေအနေ၊ ချောကလက်ဖြည့်စက်အခြေအနေ၊ အအေးခံရွှေ့လျားစက်ဖြင့် ချောကလက်တောင့်များ ထုတ်လုပ်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ဝန်ကြီးသည်ထုတ်လုပ်ပြီး ချောကလက်များကို အအေးခံခြင်းလုပ်ငန်းများနှင့် ထုပ်ပိုးခြင်းလုပ်ငန်းများကို လည်းကောင်း၊ ချောကလက်ထုတ်လုပ်ရာ၌ အဓိကလိုအပ်သော ကုန်ကြမ်းပစ္စည်းများနှင့် ထုတ်လုပ်ပြီး သီဟိုဠ်စေ့ချောကလက်၊ မြေပဲချောကလက်နှင့် ရိုးရိုးချောကလက်တောင့်များကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် ကျောက်ဆည်မြို့နယ် မင်းစုကျေးရွာသို့ ရောက်ရှိ၍ အမှတ်(၁)စက်မှု ဝန်ကြီးဌာန မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်းက တည်ဆောက်လျက်ရှိသော အခြေခံပညာ အထက်တန်းကျောင်း တိုးချဲ့ကျောင်းဆောင်သစ်တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းဖွင့်ချိန်အမီ တည်ဆောက်သွားရေးမှာကြားသည်။ (သတင်းစဉ်)

ဆရာတော် အရှင်ခေမိန္ဒ တရားဟောကြားမည်

ရန်ကုန် မေ ၁၀

ရန်ကုန်တိုင်း ဒေါပုံမြို့နယ် ထေရဝါဒ ဗုဒ္ဓသာသနာ ထိန်းသိမ်းစောင့်ရှောက်ရေးအသင်းကြီးမှ ကြီးမှူး၍ ပထမအကြိမ် ကလေးအထူးတရားပွဲကို မေ ၁၃ ရက်မှ ၁၅ ရက်အထိ ဒေါပုံမြို့နယ် ဓမ္မာရုံကြီးတွင် ကျင်းပမည်ဖြစ်ရာ ဆရာတော် အရှင်ခေမိန္ဒ (စစ်ကိုင်းခင်မကန် ကျောင်းတိုက်) က နေ့စဉ် ညနေ ၅ နာရီခွဲတွင် တရားတော်များ ဟောကြားပြသမည်ဖြစ်ကြောင်းသိရသည်။ (က-ပ)

မြန်မာ့ခရီးသွားလုပ်ငန်းဌာနမှ ပြည်တွင်းခရီးသွားများအတွက် ခရီးစဉ်များ စီစဉ်ဆောင်ရွက်ပေးလျက်ရှိ

ရန်ကုန် မေ ၁၀

မြန်မာ့ခရီးသွားလုပ်ငန်းဌာနသည် ပြည်တွင်းခရီးသွားများ မြန်မာပြည်အနှံ့ လွယ်ကူစိတ်ချမ်းမြေ့စွာနှင့် စရိတ်သက်သာစွာဖြင့် ခရီးသွားလာနိုင်စေရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ စီစဉ်ဆောင်ရွက်ပေးရာတွင် အစုအဖွဲ့လိုက်ဖြစ်စေ၊ အဖွဲ့ငယ်လိုက်ဖြစ်စေ၊ “မည်သည့်နေ့ရက်မဆို” သွားလာနိုင်ရန် ခရီးစဉ်များ စီစဉ်ပေးလျက်ရှိရာ ရန်ကုန်-မြစ်ကြီးနား (မြစ်ဆုံ)-အင်းတော်ကြီးခရီးစဉ်၊ ရန်ကုန်-တောင်ကြီး(ကက္ကူမွေတော်)-အင်းလေး-ပင်းတယ-ကလောခရီးစဉ်၊ ရန်ကုန်-ကျိုင်းတုံ-မိုင်းလား-တာချီလိတ်ခရီးစဉ်၊ ရန်ကုန်-စစ်တွေ-မြောက်ဦးခရီးစဉ်၊ ရန်ကုန်-ပြင်ဦးလွင်-လားရှိုး-မူဆယ်ခရီးစဉ်၊ ရန်ကုန်-ပုဂံ-ပုပ္ပား-ပြည်ခရီးစဉ်များကို ဆောင်ရွက်ပေးလျက်ရှိသည်။

အပန်းဖြေခရီးစဉ်များဖြစ်သည့် ရန်ကုန်-ချောင်းသာ၊ ရန်ကုန်-ငွေဆောင်၊ ရန်ကုန်-ငပလီ ခရီးစဉ်များကိုလည်း ဆောင်ရွက်ပေးနေသည်။ ရက်တိုအားလပ်ရက်များတွင်ရန်ကုန်မှအနီးဆုံးသွားရောက်နိုင်သည့် ပဲခူးမြို့ဘုရားစုံဖူး ခရီးစဉ်နှင့် မိုးယွန်းကြီးအင်းတွင် ငှက်မျိုးစုံကြည့်ရှုလေ့လာရေးခရီးစဉ်များလည်း သွားရောက်နိုင်မည်ဖြစ်သည်။

မြန်မာပြည်အနှံ့ ခရီးစဉ်များအားအစုအဖွဲ့လိုက်အတွက် သွားရောက်လိုသူများ၏ဆန္ဒနှင့်အညီ ညှိနှိုင်းပို့ဆောင်ပေးနေပြီး အသေးစိတ်သိလိုပါက မြန်မာ့ခရီးသွားလုပ်ငန်းဌာန၊ အမှတ် ၇၇-၉၁၊ ဆူးလေဘုရားလမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၂၅၂၈၅၉၊ ၃၈၇၀၀၂ သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ (သတင်းစဉ်)

စတုတ္ထအကြိမ် စာပေညီလာခံအားဂုဏ်ပြုကိုဆို ခရမ်းမြို့နယ် ကျေးရွာစာကြည့်တိုက်များသို့ စာအုပ်လှူဒါန်း

ရန်ကုန် မေ ၁၀

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ်အတွင်းရှိ မြို့နယ်ရုံးနှင့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၏စတုတ္ထအကြိမ် စာပေညီလာခံကို ဂုဏ်ပြုကိုဆိုသောအားဖြင့် ဒုတိယအကြိမ်မြောက် စာအုပ်လှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၁၁ နာရီတွင် မြို့နယ်ရုံး၌ ကျင်းပသည်။

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးခင်ဆွေ (ရွှေစွန်ညို)၏ ဇနီး ဒေါ်နယဉ် ခရမ်းမြို့နယ်အတွင်းရှိ မြို့နယ်ရုံးနှင့် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် စာအုပ်များပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရှင်းလင်းပြောကြား

အခမ်းအနားတွင် အလှူရှင် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးခင်ဆွေ (ရွှေစွန်ညို)၏ဇနီး ဒေါ်နယဉ်က မြို့နယ်အတွင်းရှိ စာကြည့်တိုက်များသို့ စာအုပ်များ လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်ဦးစီးမှူး ဒေါ်ရီရီလွင်က မြို့နယ်စာကြည့်တိုက်များကိုယ်စား ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် စာအုပ်လှူဒါန်းပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးခင်ဆွေ(ရွှေစွန်ညို)နှင့် ဇနီး ဒေါ်နယဉ်တို့ဦးဆောင်၍ ရန်ကုန်မြို့မှ အလှူရှင်များစုပေါင်း၍ သုတ၊ ရသ စာအုပ်မျိုးစုံ စုစုပေါင်း ၁၅၆၀ တန်ဖိုးငွေကျပ် ၂၁၇၆၃၀ကို ပေးအပ်လှူဒါန်းသည်။

(သတင်းစဉ်)

ရတနာပုံအနုပညာခန်းမ ပန်းချီပြပွဲကျင်းပမည်

ရန်ကုန် မေ ၁၀

မန္တလေးအသင်း(ရန်ကုန်)ကကြီးမှူး၍ ရတနာပုံအနုပညာခန်းမ၌ ပထမအကြိမ် ပန်းချီပြပွဲကို ဇွန် ၂၅ ရက် (တနင်္ဂနွေနေ့)မှစတင်၍ ရက်သတ္တနှစ်ပတ်ကြာ အခမဲ့ခင်းကျင်းပြသမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ လာရောက်ကြည့်ရှုနိုင်သည်။

ပန်းချီပြပွဲတွင် ထင်ရှားကျော်ကြားသည့် ပန်းချီဆရာကြီးများအပါအဝင် နိုင်ငံအဝန်းရှိပန်းချီဆရာများ၏ ပန်းချီကားများကို ချိတ်ဆွဲပြသမည်ဖြစ်သည်။ ပြပွဲတွင်ပါဝင်ပြသလိုသည့် ပန်းချီဆရာများသည် ဇွန် ၁ရက်နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ပြီး မိမိတို့၏ ပန်းချီကားများကို ဇွန် ၁၉ ရက် နောက်ဆုံးထား၍ ရတနာပုံအနုပညာခန်းမတည်ရှိရာ မန္တလေးအသင်း (ရန်ကုန်) အမှတ် (၆၂၈/၆၃၂)ကုန်သည်လမ်းပန်းဘဲတန်းမြို့နယ် ဖုန်း-၃၈၈၆၀၃သို့ ဆက်သွယ်ပေးပို့ရမည်ဖြစ်သည်။

ရတနာပုံအနုပညာခန်းမ၌ ပန်းချီအနုပညာပြပွဲများကို စဉ်ဆက်မပြတ် အမြဲတမ်းပြခန်းအဖြစ် ဖွင့်လှစ်ပြသမည်ဖြစ်သည်။ (သတင်းစဉ်)

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း၏ နှစ်(၁၀၀)ပြည့်ပွဲတော် အသက်(၇၅)နှစ်နှင့်အထက် သက်ကြီးပူဇော်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် မေ ၁၀

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) နှစ်(၁၀၀)ပြည့်ပွဲတော်၏ အသက်(၇၅)နှစ်နှင့်အထက် သက်ကြီးပူဇော်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ရေကျော်လမ်း အမှတ်(၇၇) ရှိ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) အဆောက်အအုံ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မဟာအောင်မြေဘုံစံကျောင်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရုအဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညိန္ဒာဘိဝံသ အမှူးပြုသော နိုင်ငံတော် သံဃမဟာနာယက ဆရာတော်များ၊ ပြည်နယ်နှင့် တိုင်းများမှ မင်္ဂလာစာသင်ဆရာတော်များ ကြွရောက်တော်မူကြပြီး ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း (YMBA)၏ နှစ်(၁၀၀)ပြည့်ပွဲတော် ကျင်းပရေး နာယကအဖွဲ့ဝင်များ၊ နှစ်(၁၀၀)ပြည့်ပွဲတော် ကျင်းပရေးလုပ်ငန်း ကော်မတီဝင်များ၊ ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း (YMBA) ဥက္ကဋ္ဌ ဦးဗိုလ်နီနှင့် အလုပ်အမှုဆောင်များ၊ အလှူရှင်များ၊ အသက်(၇၅)နှစ်နှင့်အထက် ကန်တော့ခံ (YMBA) အသင်းဝင်များနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မဟာအောင်မြေဘုံစံကျောင်း ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညိန္ဒာဘိဝံသထံမှ ညွှန်ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မဟာအောင်မြေဘုံစံကျောင်း ဆရာတော် ဘဒ္ဒန္တပညိန္ဒာဘိဝံသနှင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များ၊ ပြည်နယ်နှင့်တိုင်းများမှ မင်္ဂလာစာသင်ဆရာတော်များက အန္တရာယ်ကင်း ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

အမျှပေးဝေ

ဆက်လက်၍ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)ဥက္ကဋ္ဌ ဦးဗိုလ်နီက (YMBA) နှစ်(၁၀၀)ပြည့်ပွဲတော် ကျင်းပခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းလျှောက်ထားတင်ပြပြီး မြန်အောင်မြို့–မြို့ရွှေကျောင်း ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပုညဝံသထံမှ ပရိသတ်တို့က ရေစက်ချတရားနာယူကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် သက်ကြီးပူဇော်ပွဲကို ကျင်းပရာ (YMBA) အသင်းဥက္ကဋ္ဌ ဦးဗိုလ်နီနှင့် အသင်းနာယက ဦးခင်မောင်ထွေး(ခင်မောင်ထွေး–ဆိပ်ကမ်း) တို့က(YMBA)အသင်း နှစ်(၁၀၀) ပြည့်ပွဲတော်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဂါရဝပြုပေးအပ်

ဆက်လက်၍ အသက်(၇၅)နှစ်နှင့် အထက်(YMBA)ရာသက်ပန် အသင်းဝင် သက်ကြီး ၂၂၄ဦးတို့အား ပရိသတ်တို့က ကန်တော့ကြိုးဖြင့် ကန်တော့ကြပြီး ပုဇွန်တောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဌေးဝင်းနှင့်အဖွဲ့ဝင်များ၊ (YMBA) အသင်းဥက္ကဋ္ဌ ဦးဗိုလ်နီနှင့် အလုပ်အမှုဆောင်များက အလှူငွေနှင့် ပစ္စည်းများကို ဂါရဝပြု ပေးအပ်ကြသည်။

ထို့နောက် အကန်တော့ခံ သက်ကြီးများကိုယ်စား မဟာသဒ္ဓမ္မဇောတိကဓဇ ဦးအေးနိုင်က ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

နေ့ဆွမ်းဆက်ကပ်

ထို့အပြင် ပြည်နယ်နှင့် တိုင်းများမှ မင်္ဂလာ စာသင်ဆရာတော် ၁၀၇ပါးတို့အား(YMBA)အသင်း နှစ်(၁၀၀)ပြည့် ပွဲတော် ကျင်းပရေး လုပ်ငန်းကော်မတီက ကြီးမှူး၍ (YMBA) အသင်း အဆောက်အအုံ၌ နေ့ဆွမ်း ဆက်ကပ် လှူဒါန်းသည်။ (သတင်းစဉ်)

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း နှစ်(၁၀၀)ပြည့်ပွဲတော်၏ အသက်(၇၅)နှစ်နှင့်အထက် သက်ကြီးပူဇော်ပွဲကို ဗုဒ္ဓဘာသာကလျာဏယုဝအသင်း အဆောက်အအုံ၌ ကျင်းပစဉ်။ (သတင်းစဉ်)

ဓါးကုန်းမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် မေ ၁၀

ပဲခူးတိုင်း ဓါးကုန်းမြို့နယ်အသင်း(ရန်ကုန်)၏နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို မေ ၂၁ရက်(တနင်္ဂနွေနေ့)နံနက် ၈နာရီမှ ၁၁နာရီအထိ ရန်ကုန်မြို့ ဗဟန်းမြို့နယ်(ရွှေတိဂုံစေတီတော် အရှေ့ဘက်စောင်းတန်း)ကြားတောရလမ်း ကုန်သွယ်/လယ်ယာမွှောရုံ၌ ကျင်းပမည်ဖြစ်သည်။

အသက်(၈၀)နှစ်အထက် အသင်းဝင်များနှင့် ၂၀၀၅ခုနှစ် တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးရရှိသူများနှင့် အတန်းလိုက်ပညာရည်ချွန်ဆုရရှိသည့် အသင်းဝင်များ၏သားသမီးများ အမှတ်စာရင်းအထောက် အထားများနှင့်အတူ မေ ၁၇ရက်နောက်ဆုံးထား၍ ဦးသန်းအောင် ဖုန်း–၂၄၇၆၆၅၊ ဦးကျော်ဝင်း ဖုန်း–၂၀၂၉၉၁၊ ဦးထွန်းအောင် ဖုန်း–၅၀၁၅၃၆၊ ဦးအုန်းကျော် ဖုန်း–၅၇၃၀၂၁၊ ဦးအေးလှိုင် ဖုန်း–၅၂၇၀၄၀၊ ဦးညွန့်စိန် ဖုန်း–၅၈၄၇၁၅၊ ဒေါ်သန်းအိ ဖုန်း–၅၀၀၄၄၇၊ ဒေါ်မြင့်မြင့်ထူး ဖုန်း–၅၂၄၆၂၉၊ ဒေါ်သန်းသန်းအေး ဖုန်း–၅၃၅၉၄၇၊ ဒေါ်လှမြင့် ဖုန်း–၇၂၅၈၁၃၊ ဒေါ်ခင်အေးရီ ဖုန်း–၆၆၁၄၀၉တို့သို့ ဆက်သွယ်စာရင်းပေးပို့ရန် နှိုးဆော်ထားသည်။ (က–ပ)

ပျော်ဘွယ်မြို့ မြင်းဘက်ရပ် စည်သူလမ်းနေ ဦးကျော်ဝင်း–ဒေါ်သန်းသန်းနွဲ့အား အမှူးထား၍ သား ဗိုလ်မောင်မောင်မြင့်ဟန် တပ်မတော်(လေ)က သဃ်္ဃန်းကျွန်းမြို့နယ် (၁၆/၂)ရပ်ကွက် ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက်ရှိ နာရေးကူညီမှုအသင်း(ရန်ကုန်)သို့ ကျပ်တစ်သိန်းလှူဒါန်းရာ အလုပ်အမှုဆောင် ဦးကျော်စိုး လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က–ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၁–၅–၂၀၀၆
(ကြာသပတေးနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	ထေရဝါဒဓမ္မရတနာမြေ (အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ရန်ကုန်)
၇း၃၀	တေးဂီတအစီအစဉ်
၇း၃၅	ကမ္ဘာ့အမြင်ကမ္ဘာ့စီးပွား (ဦးမျိုးမြတ်သူ၊ ဒေါက်တာခင်မောင်ညို)
၈း၁၀	တေးဂီတအစီအစဉ်
၈း၁၅	ပြည်တွင်းသတင်းအကျဉ်း
၈း၂၅	ထုထည်ကြီးမား ထင်ရှားကေန် ဓမ္မရုံ
၈း၃၅	မိုးလေဝသခန့်မှန်းချက်
၈း၄၀	ရှေ့သို့ရည်မှန်း မြန်မာ့စက်မှုလုပ်ငန်း(ပြိုင်ကားထုတ်လုပ်မှု)
၉း၀၀	တေးဂီတအစီအစဉ်
၉း၁၅	ရဟန်းတော်နှင့် ပိဋကစာရိကကျင့်ဝတ်
၉း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၄၀	မြတ်ဗုဒ္ဓ၏မဟာဗုဒ္ဓဝင်
၁၀း၀၀	တေးဂီတအစီအစဉ်
၁၀း၀၅	အသိဉာဏ်ပေးစိတ်ငြိမ်းအေး (အရှင်ဆေကိန္ဒ) (ဟုတ်တာလုပ်ရင် ဟုတ်တာဖြစ်တယ်)
၁၀း၂၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၃၅	သူ့ဘဝသူ့အနုပညာ (ရုပ်ရှင်တည်းဖြတ်ပညာရှင် ထပ်ဆင့်အကယ်ဒမီ ဦးမြင့်ခိုင်နှင့်တွေ့ဆုံခြင်း)
၁၁း၃၅	တေးဂီတအစီအစဉ်
၁၁း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၄၅	ဆရာဦးမြင့်လွင်(သန့်–တည်–ပွား)ဟောပြော ဆွေးနွေးသော အပါယ်ပိတ်တရား(အပိုင်း–၁) (ဓမ္မ၏ပင်ကိုသတ္တိ)
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါ(၅)နာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ (၃)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

ချီးမြှင့်ပေးအပ်

နှစ်(၆၀)ပြည့် မီးသတ်တပ်ဖွဲ့နေ့နှင့် ဘက်စုံထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို မေ ၅ ရက်က မွန်ပြည်နယ် မော်လမြိုင်မြို့ မီးသတ်ဦးစီးဌာနတွင် ကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ၂၀၀၅–၂၀၀၆ ခုနှစ်တွင် ဗဟိုအဆင့်(ပထမ) စခန်းသာယာလှပရေးဆုရရှိသော မော်လမြိုင်မြို့နယ် မီးသတ်စခန်း အမှတ်(၁)အား ဂုဏ်ပြုဒိုင်းဆုကို ချီးမြှင့်ပေးအပ်ရာ မွန်ပြည်နယ် မီးသတ်ဦးစီးဌာနမှူး(တာဝန်) ခရိုင်ဦးစီးအရာရှိ ဦးအောင်ဆွေဝင်း လက်ခံရယူစဉ်။ (၃၀၇)

စင်ကာပူသံအမတ်ကြီးခန့်အပ်ရန် သဘောတူ

ရန်ကုန် မေ ၁၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာရောဘတ်ချူဟာဟိန်ကောင်းအား ခန့်အပ်ရန် အဆိုပြုချက်ကို ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာချူဟာသည် ၁၉၅၄ ခုနှစ် ဩဂုတ် ၅ ရက်က စင်ကာပူ၌ မွေးဖွားခဲ့သည်။ ၎င်းသည် လူမှုရေးသိပ္ပံဘွဲ့(ဂုဏ်ထူးတန်း)ကို နိုင်ငံရေးသိပ္ပံဘာသာရပ်ဖြင့် ထိုစဉ်ကတည်ရှိသည့် စင်ကာပူတက္ကသိုလ်မှ ရရှိခဲ့ပြီး ၁၉၇၉ခုနှစ်တွင် နိုင်ငံခြားရေးဝန်ထမ်းအဖြစ် စတင်ဝင်ရောက်ခဲ့သည်။ ၁၉၈၅ ခုနှစ်တွင် နိုင်ငံတကာ ဆက်ဆံရေးဘာသာရပ်ဖြင့် မဟာဝိဇ္ဇာဘွဲ့ကို အမေရိကန်နိုင်ငံ ဘော်စတွန်မြို့ရှိတပ်ဖ်တက္ကသိုလ်၏ ဖလက်ချာ သံတမန်ရေးရာနှင့် ဥပဒေသိပ္ပံကျောင်းမှ ရရှိခဲ့သည်။

မစ္စတာချူဟာသည် ၁၉၈၇ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ဝါရှင်တန်မြို့ရှိ စင်ကာပူသံရုံး၌ ပထမအတွင်းဝန်အဖြစ်လည်းကောင်း၊ ၁၉၉၁ခုနှစ်မှ ၁၉၉၅ ခုနှစ်အထိ တိုကျိုမြို့ရှိ စင်ကာပူသံရုံး၌ သံမှူးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၅ခုနှစ်မှ ၁၉၉၉ခုနှစ်အထိ ၎င်းသည် နိုင်ငံခြားရေးဝန်ကြီးဌာန၌ ဒုတိယညွှန်ကြားရေးမှူးအဖြစ် ဦးစီးဌာနအများအပြားတွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့နောက် ၎င်းသည် ၁၉၉၉ ခုနှစ်မှ ၂၀၀၀ပြည့်နှစ်အထိ မနီလာမြို့၌ သံမှူးအဖြစ်လည်းကောင်း၊ ၂၀၀၁ ခုနှစ် ဇန်နဝါရီလမှ ၂၀၀၂ ခုနှစ် ဒီဇင်ဘာလအထိ ဟိုချီမင်းမြို့တော်နှင့် ဆန်ဖရန်စစ္စကိုမြို့တို့၌ ကောင်စစ်ဝန်ချုပ် တာဝန်များကိုလည်းကောင်း ဆက်တိုက်ထမ်းဆောင်ခဲ့သည်။ ယင်းနောက် ၎င်းသည် ၂၀၀၃ခုနှစ် ဇန်နဝါရီလမှ ၂၀၀၄ခုနှစ် ဖေဖော်ဝါရီလအထိ နိုင်ငံခြားရေးဝန်ကြီးဌာန ကောင်စစ်ရေးရာဦးစီးဌာန၌ ညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၎င်းသည် ယခုအခါ စင်ကာပူသမ္မတနိုင်ငံ – နိုင်ငံခြားရေးဝန်ကြီးဌာန နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ညွှန်ကြားမှုဦးစီးဌာန၌ ညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာချူဟာသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်၍ သားသမီးနှစ်ဦးရှိသည်။ (သတင်းစဉ်)

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဝါးတန်းလမ်းနေ သားလတ် စန္ဒရားတက္ကသိုလ် ခင်မောင်ဝင်းမြင့်၊ ဒေါ်မြတ်မိုးထွင့်ရှတို့က ဖခင်ကြီး ဦးတင်မြင့်၏ (၇၇)နှစ်ပြည့် မွေးနေ့ အထိမ်းအမှတ် အထွေထွေပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ဝင် ပါမောက္ခ ဒေါက်တာ ဒေါ်မေဝင်းအောင်ခင်ထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မန္တလေးဈေးချိုပလာဇာခြောက်ထပ်နှင့် ၂၅ထပ် ကွန်ဒိုမီနီယံတာဝါ တည်ဆောက်ရေးလုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

➪ ကာကွယ်ရေးမှ

ပုသိမ်ကြီးမြို့နယ် ၂၀၀၅-၂၀၀၆ ခုနှစ် နွေစပါးမျိုးယှဉ်ပြိုင်စိုက်ခင်း၌ ဆင်းသွယ်လတ်၊ ရွှေမြန်မာ၊ ရွှေမနော်၊ အမ်အာရ်-၉ (MR-9)နှင့် ရွှေသွယ်ရင်း စပါးမျိုးတို့ကို စိုက်ပျိုးထားသည်။

အဆိုပါ နွေစပါး စံပြစိုက်ခင်း စုပေါင်းသမန်းနှီးပွဲနှင့် မြေဩဇာကြဲပက်ပွဲတွင် ဇီဝမြေဩဇာ၊ စွမ်းအားပြည့် ဓာတ်မြေဩဇာ၊ ဘိုင်အိုစူပါ (အော်ဂဲနစ်ကွန်ပေါင်းဓာတ်မြေဩဇာ)၊ ပိုးသတ်ဆေးများ၊ မှိုသတ်ဆေးများနှင့် ပေါင်းသတ်ဆေးများကို ခင်းကျင်းပြသထားရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များက လှည့်လည်ကြည့်ရှုအားပေးကြသည်။

စိုက်ပျိုးပေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့်အဖွဲ့ဝင်များသည် ပုသိမ်ကြီးမြို့နယ် ရေတံခွန်တောင် အမှတ်(၁) စိုက်ပျိုးမွေးမြူရေးခြံ၌ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီက ကျင်းပသည့် ကြက်ဆူပင်စုပေါင်းစိုက်ပျိုးပွဲသို့ တက်ရောက်ကြပြီး သတ်မှတ်နေရာအသီးသီး၌ ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့သည် တက်ရောက်လာကြသူများ၏ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် ယခု တတိယအကြိမ်အဖြစ် မြေ ၁၂ ဧက၌ ခြံစည်းရိုးကြက်ဆူပင် ၁၄၄၀၀ ကို စိုက်ပျိုးခဲ့ခြင်းဖြစ်ပြီး ယခုနှစ်တွင် ၈၇ ဧက၌ စိုက်ပျိုးပြီး ခြံစည်းရိုးကြက်ဆူပင်ပေါင်း ၁၀၄၄၀၀ ရှိပြီဖြစ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် မန္တလေးမြို့တော်ဝန်တို့သည် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာနက ပုသိမ်ကြီးမြို့နယ်၌ မြေ ၃၇ ဒသမ ၅၅ ဧက တွင် စိုက်ပျိုးထားသည့် နွေစပါးများအောင်မြင်ဖြစ်ထွန်းမှုကို ကြည့်ရှုစစ်ဆေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ဘက်စုံစိုက်မွေးခြံ

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် အဖွဲ့ဝင်များနှင့်အတူ မြေ ၄၀၉ ဧကရှိ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် အမှတ်(၂)ဘက်စုံ စိုက်ပျိုးမွေးမြူရေးခြံ၌ ပဲတီစိမ်း၊ နွေစပါး၊ ငရုတ်၊ သဘော်၊ ခရမ်းချဉ်၊ ကျောက်ဖရုံ၊ ပန်းနှမ်း၊ သခွားမွှေး၊ သရက်၊ သံပရာ၊ ရှောက်နှင့် ဂန္ဓမာပန်း စသည့် သစ်သီးဝလံပန်းမန်များ စိုက်ပျိုးထားရှိမှုနှင့် အောင်မြင်ဖြစ်ထွန်းမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ စိန်တစ်လုံးသရက်ပင်ကြား၌ သီးညှပ်စိုက်ပျိုးထားသော ခြံစည်းရိုးကြက်ဆူပင်များကို ကြည့်ရှုစစ်ဆေးကာ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် နယ်မြေခံ တပ်ရင်း၏ ခြံစည်းရိုးကြက်ဆူပင်ပျိုးခင်းများကို ကြည့်ရှုစစ်ဆေးပြီး အဆိုပါ စိုက်ပျိုးမွေးမြူရေးခြံ၌ ကျင်းပသည့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ခြံစည်းရိုး ကြက်ဆူပင် ဧက ၅၀ စုပေါင်းစိုက်ပျိုးပွဲသို့ တက်ရောက်ကြသည်။

ရှေးဦးစွာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးသက်ထွန်းက အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးထားရှိမှုများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် အဖွဲ့ဝင်များသည် ခြံစည်းရိုး ကြက်ဆူပင်များကို စိုက်ပျိုးပေးကြပြီး တက်ရောက်လာကြသူများ၏ ခြံစည်းရိုး ကြက်ဆူပင်များ စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုအားပေးကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ခြံစည်းရိုးကြက်ဆူပင် ဧက ၅၀ စုပေါင်းစိုက်ပျိုးပွဲတွင် ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့သည် ၎င်းစိုက်ခင်းရှိ ခြံစည်းရိုးကြက်ဆူပင် ပျိုးဥယျာဉ်ကိုလည်းကောင်း၊ စိုက်ကွင်းကို မျှော်စင်ပေါ်မှ တက်ရောက်၍ လည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်အနေဖြင့် ယခုနှစ်တွင် ခြံစည်းရိုး ကြက်ဆူပင်ကို မြေ ၆၀၅၃၈၃ ဧက စိုက်ပျိုးရန်လျာထားခဲ့ရာ ယခုအခါ ၆၁၀၆၀၇ ဧက၌ စိုက်ပျိုးထားပြီးဖြစ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မန္တလေးမြို့ ၈၄ လမ်း၊ ၂၇ လမ်းနှင့် ၂၈ လမ်းကြား၌ တည်ဆောက်လျက်ရှိသည့် မန္တလေးဈေးချိုပလာဇာ ခြောက်ထပ်နှင့် ၂၅ ထပ် ကွန်ဒိုမီနီယံတာဝါ တည်ဆောက်ရေး လုပ်ငန်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးကြရာ မြန်မာ-မန္တလေးကုမ္ပဏီဥက္ကဋ္ဌ ဦးသန်းဝင်းက လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်တို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် တည်ဆောက်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

မန္တလေးဈေးချိုပလာဇာနှင့် ကွန်ဒိုမီနီယံတို့၌ ပထမထပ်မှ ဆဋ္ဌမထပ်အထိ ကားရပ်နားစခန်းပါရှိမည် ဖြစ်ပြီး ဓာတ်လှေကား ရှစ်စင်း၊ စက်လှေကား ၁၂ စင်းတို့ ပါဝင်မည်ဖြစ်သည်။

ယခုအခါ ဈေးချိုပလာဇာ ခြောက်ထပ်စလုံးပြီးစီး၍ အချောကိုင်လုပ်ငန်းများကို ဆောင်ရွက်နေပြီး ကွန်ဒိုမီနီယံတာဝါ ၂၅ ထပ်တွင် ငါးထပ်အထိ ရောက်ရှိ ဆောင်ရွက်လျက်ရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံရှိ သာသနာပြုတက္ကသိုလ်များသို့ အိန္ဒိယသံအမတ်ကြီးက စာအုပ်များပေးအပ်လှူဒါန်း

ရန်ကုန် မေ ၁၀

မြန်မာနိုင်ငံရှိ သာသနာပြုတက္ကသိုလ်များသို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးက ဗုဒ္ဓသာသနာပြု စာပေဆိုင်ရာ စာအုပ်များ ပေးအပ်လှူဒါန်းပွဲကို ယမန်နေ့ညနေ ၃နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ၌ ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

လှူဒါန်းပွဲအခမ်းအနားတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Bhaskar Kumar Mitra က ဗုဒ္ဓသာသနာပြုစာပေဆိုင်ရာ စာအုပ်များကိုပေးအပ်လှူဒါန်းရာ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က လက်ခံပြီး ကျေးဇူးတင်စကားပြောကြားသည်။(သတင်းစဉ်)

ကမ္ဘာ့သွေးတိုးရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့

၂၀၀၆-ခုနှစ်၊ မေလ(၁၃)ရက်

သွေးတိုးရောဂါ ကာကွယ်ထိန်းသိမ်းပါ

၁။ ကိုယ်အလေးချိန်ပုံမှန်ဖြစ်ရန် ထိန်းသိမ်း၍ အဝမလွန်အောင် နေထိုင်စားသောက်ပါ။
၂။ ပုံမှန် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ပါ။ နေ့စဉ်နာရီဝက်၊ တစ်နာရီခန့် ခပ်သွက်သွက် လမ်းလျှောက်ခြင်းကဲ့သို့သော ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်ပါ။
၃။ ဟင်းသီးဟင်းရွက်၊ အသီးအနှံ များများစားသုံးပါ။
၄။ စိတ်ဖိစီးမှုနည်းပါးအောင် နေထိုင်ပါ။
၅။ အငန်ဓာတ်ပါသော ငါးပိ၊ ငါးခြောက်၊ ဟင်းချိုမှုန့်စသည့် အစားအစာများကို ရှောင်ကြဉ်ပါ။
၆။ အဆီကို လွန်ကဲစွာစားသုံးခြင်းမှ ရှောင်ကြဉ်ပါ။
၇။ အရက်ကို အလွန်အကျွံသောက်သုံးခြင်းမှ ရှောင်ကြဉ်ပါ။
၈။ ဆေးလိပ်သောက်ခြင်းကို ရှောင်ကြဉ်ပါ။
၉။ သွေးတိုးရောဂါရှိပါက သွေးပေါင်မှန်မှန်ချိန်၍ စနစ်တကျ ဆေးကုသမှုခံယူပါ။

ကျန်းမာရေးဝန်ကြီးဌာန

❍ တိုင်းမှူးဗိုလ်ချုပ်သာအေးမှ

စစ်ကိုင်းတိုင်းအတွင်း၌ စစ်ကိုင်းမြို့ အားကစားခန်းမနှင့် ကန့်ဘလူမြို့ အားကစားခန်းမသစ်ကြီးကို ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ပင်လည်ဘူးမြို့နယ် အားကစားခန်းမကိုလည်း အားကစားဝန်ကြီးဌာန၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီနှင့် ဒေသခံပြည်သူများ၏ ထည့်ဝင်ငွေဖြင့် စတင် တည်ဆောက်နေပြီဖြစ်၍ အားကစားသမား မောင်မယ်များ အနေဖြင့် စိတ်ချမ်းမြေ့ပျော်ရွှင်စွာ လေ့ကျင့်ယှဉ်ပြိုင် ကစားနိုင်ကြပြီး ထူးချွန်အောင်မြင်သည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ပေါ်ထွက်အောင် ကြိုးစားကြရန် အမှာစကားပြောကြားသည်။

ထို့နောက် ဝန်ကြီးက အားကစားကဏ္ဍ အဆင့်မြင့်မားလာစေရေးအတွက် စီမံချက်များရေးဆွဲချမှတ်ဆောင်ရွက်လျက်ရှိသည့် နည်းတူ အားကစားကွင်း၊ အားကစားခန်းမများ အသစ်တည်ဆောက်ပေးခြင်း၊ အဆင့်မြင့် ပြုပြင်မွမ်းမံခြင်းများ ဆောင်ရွက်ပေးလျက်ရှိရာ ၁၉၈၉ခုနှစ်မှ ယနေ့အထိ အားကစားကွင်း ၁၇ခုနှင့် အားကစားခန်းမ ၁၃ခုကို အသစ်တည်ဆောက်ပေးခဲ့ပြီး အားကစားကွင်း ၁၀ခုနှင့် အားကစားခန်းမ ငါးခုကို အဆင့်မြင့်ပြုပြင်ပေးခဲ့ပြီးဖြစ်ကြောင်း၊ အားကစားခန်းမကြီး ရေရှည်တည်တံ့ အသုံးပြုနိုင်ပြီး စစ်ကိုင်းတိုင်း အားကစားတိုးတက်ရေးကို အထောက်အကူပြုနိုင်ရေးအတွက် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြရန် မှာကြားသည်။

ယင်းနောက် ဝန်ကြီးက စစ်ကိုင်းတိုင်းအားကစားနှင့် ကာယပညာကော်မတီသို့ ငွေကျပ် ၈၄၀၀၀၀ကျော်တန်ဖိုးရှိ ဘောလုံး၊ ဘော်လီဘော၊ ဘတ်စကက်ဘော၊ ပိုက်ကျော်ခြင်းနှင့် လက်ဝှေ့ အားကစားပစ္စည်းများကိုလည်းကောင်း၊ ရွှေဘိုခရိုင်အတွင်းရှိ မြို့နယ် ရှစ်မြို့နယ်သို့ ငွေကျပ် ၄၅၀၀၀၀ကျော်တန်ဖိုးရှိ ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း အားကစားပစ္စည်းများကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ တိုင်းအားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်နှင့် ရွှေဘိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးသန်းထွန်းတို့က လက်ခံကြသည်။

ဆက်လက်၍ အားကစားခန်းမသစ်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို ရဲမွန် ဆောက်လုပ်ရေးမှ ဦးအောင်ကျော်ဆန်းက အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်လင်းသို့ ပေးအပ်ပြီး မြန်မာ့သိုင်း၊ ဂူရှူး၊ ခြင်းလုံးနှင့် မြန်မာ့လက်ရွေးစဉ် အမျိုးသမီးပိုက်ကျော်ခြင်း အားကစားသမားများက အားကစားသရုပ်ပြသကြရာ တိုင်းမှူးနှင့် ဝန်ကြီးတို့က အားကစားသရုပ်ပြအဖွဲ့များ၊ ဘင်ခရာ ၊ ပန်းဖွားနှင့် အေရိုးဗစ် သရုပ်ပြအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ချီးမြှင့်ကြသည်။

ကန့်ဘလူမြို့ အားကစားခန်းမသစ်မှာ အလျားပေ ၁၂၀၊ အနံပေ ၉၀၊ အမြင့် ၃၆ပေရှိ သံမဏိသံပေါင်၊ လျှာထိုးနှစ်ထပ်ကြမ်းခင်း အဆောက်အအုံဖြစ်ပြီး နိုင်ငံတော်မှ ငွေကျပ် ၇၅၆သိန်း အကုန်အကျခံဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့် ဧည့်သည်တော်များသည် ကန့်ဘလူမြို့ တည်ဆောက်ဆဲ ဈေးသစ်ကြီး၏ ပတ်လမ်းများဖြစ်သည့် ယုဇနလမ်းနှင့် ဗိုလ်မင်းရောင် ကတ္တရာလမ်းသစ်များ ဖွင့်ပွဲသို့ တက်ရောက်အားပေးကြရာ လမ်းသစ်များကို စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ရွှေ၊ ရွှေဘိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး သန်းထွန်းနှင့် စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း တွဲဖက်အတွင်းရေးမှူး ဒေါက်တာ ဝင်းမြင့်အောင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တိုင်းမှူးက ယုဇနလမ်းနှင့် ဗိုလ်မင်းရောင် ကတ္တရာလမ်းသစ်များ ဖွင့်ပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူး၊ ဝန်ကြီးနှင့် ဧည့်သည်များသည် ဖွင့်လှစ်လိုက်သည့် လမ်းသစ်များနှင့် တည်ဆောက်ဆဲ ခေတ်မီဈေးသစ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယခုဖွင့်လှစ်သည့် ယုဇနလမ်းမှာ အရှည် ပေ ၄၂၀ ရှိပြီး ယခင် ၁၂ပေ အကျယ်လမ်းကို ၂၄ပေလမ်းအဖြစ် အကျယ် ၁၂ပေ တိုးချဲ့၍ လည်းကောင်း၊ ဗိုလ်မင်းရောင်လမ်းသစ်မှာ အရှည် ၆၃၄ ပေ၊ အကျယ် ၂၄ပေ အဖြစ်လည်းကောင်း ကတ္တရာလမ်းသစ်များအဖြစ် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် မေ ၆ ရက်တွင် ရွှေဘိုခရိုင် ဝက်လက်မြို့နယ် ဖိုးဝင်းတပ် ကျေးရွာသို့ သွားရောက်၍ ရူဝံကြယ်မီးစက် ဖွင့်ပွဲသို့ တက်ရောက်အားပေးကြရာ မီးစက် အဆောက်အအုံကို ရွှေဘိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး သန်းထွန်းနှင့် ဝက်လက်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူး ဦးစိုးအေးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး တိုင်းမှူးနှင့် ဝန်ကြီးတို့သည် မီးစက် အဆောက်အအုံအတွင်း ကြည့်ရှုစစ်ဆေးကြသည်။

ရူဝံကြယ်မီးစက်ကို မန္တလေးမြို့ ငြိမ်းချမ်းရွှေပြည်ကျောင်း ဩဝါဒစရိယဆရာတော် ဓမ္မကထိက ဗဟုဇနဟိတရေ သဒ္ဓမ္မဇောတိက အရှင်ပညာနန္ဒ (သီတဂူကြယ်တစ်ပွင့်)က ငွေကျပ် သိန်း ၃၀အကုန်အကျခံ တည်ဆောက်လှူဒါန်းခဲ့ခြင်းဖြစ်ပြီး လျှပ်စစ်ဓာတ်အား ကီလိုဝပ် ၂၀ ထွက်ရှိသဖြင့် ကျေးရွာအတွင်းရှိ အိမ်ခြေ ၇၀ကို ညစဉ် ၆ နာရီမှ ၁၀နာရီအထိ လျှပ်စစ်မီး ပေးနိုင်ပြီးဖြစ်သည်။

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ဖိုးဝင်းတပ်ရွာ၌ အသစ်တည်ဆောက်မည့် ရူဝံကြယ် စာကြည့်တိုက်နှင့် ရူဝံကြယ် ဓမ္မဗိမာန်တို့ကို မင်္ဂလာအုတ်မြစ်တော်စီပေးကြပြီးဖိုးဝင်းတပ်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း(ခွဲ)အတွက် ဗလာစာအုပ်၊ ခဲတံများနှင့် အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့သည်။

(သတင်းစဉ်)

✻ ကမ္ဘာ့စက်မှုမှ

မွေးစကလေး သေနှုန်းတွင် အမေရိကန်နိုင်ငံ၏ ကလေးသေဆုံးနှုန်းသည် ဟန်ဂေရီ၊မော်လတာ၊ပို လန်နှင့်စလိုဗက်ကီးယားနိုင်ငံများနှင့် တစ်တန်းတည်းရှိသည်။ ထိုနိုင်ငံများ၏ မွေးစကလေးသေနှုန်းမှာ အရှင်မွေးကလေးတစ်ထောင်လျှင် သေဆုံးနှုန်းငါးဦးရှိသည်။ ထိုနိုင်ငံများ၏ အောက်တွင် ကလေးအရှင်မွေးတစ်ထောင်လျှင် သေဆုံးနှုန်းခြောက်ဦးရှိသော လတ်ဗီးယားနိုင်ငံသာရှိတော့ကြောင်းစာရင်းများကဖော်ပြသည်။

အမေရိကန်နိုင်ငံသည် ချမ်းသာသော နိုင်ငံဖြစ်သည့်အပြင် ကျန်းမာရေးစရိတ် များစွာသုံးစွဲသည်မှန်သော်လည်း ထိုသုံးစွဲမှုအခြေအနေသည် ပြည်တွင်း နေထိုင်သူအားလုံးထံသို့ မျှတစွာရောက်ရှိသည်ဟု မဆိုနိုင်ကြောင်း အမေရိကန်နိုင်ငံရှိ မျိုးဆက်ပွားပညာအကြံပေးအရာရှိ မေရီဘတ်ပါဝါက ပြောကြားသည်။

အမေရိကန်တွင် ယခုကဲ့သို့ မွေးစကလေးသေနှုန်းမြင့်မားရခြင်းမှာ လူမျိုးစုအလိုက် အခြေအနေကွာခြားခြင်း၊ ဝင်ငွေအလိုက်အခြေအနေ ခြားနားခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်ခံရမှုကို လက်လှမ်းမီသည့် အခြေအနေကွာခြားခြင်းများရှိနေသာကြောင့် ဖြစ်သည်ဟုဆိုသည်။ အမေရိကန်လူမည်းများအကြား မွေးစကလေးသေနှုန်းမှာ ကလေးတစ်ထောင်လျှင် ကိုးဦးနှုန်းရှိရာ ဖွံ့ဖြိုးဆဲ နိုင်ငံများ ပျမ်းမျှမွေးစကလေးသေနှုန်းနှင့် တူညီလုနီးပါးရှိကြောင်း သိရသည်။

ကမ္ဘာပေါ်တွင် မွေးကင်းစ ကလေးသေနှုန်း အနည်းဆုံးနိုင်ငံမှာ ဂျပန်နိုင်ငံဖြစ်ပြီး ချက်၊ ဖင်လန်၊ အိုက်စလန်နှင့် နော်ဝေနိုင်ငံများမှာ ဒုတိယတန်းနေရာ၌ရှိသော နိုင်ငံများဖြစ်ကြသည်။ ဂျပန်နိုင်ငံ၏ မွေးကင်းစ ကလေး သေဆုံးနှုန်းမှာ ကလေးတစ်ထောင်လျှင် တစ်ဦးနှုန်းရှိပြီး ဒုတိယ လိုက်သော နိုင်ငံများ၏ နှုန်းထားမှာ ၁၀၀၀ ဦးလျှင် နှစ်ဦးနှုန်းရှိသည်။

မွေးစကလေးသေနှုန်း အမြင့်ဆုံးနိုင်ငံများတွင် အာဖရိကနှင့် တောင်အာရှရှိ နိုင်ငံများပါဝင်သည်။ မွေးစကလေးသေနှုန်း အခြေအနေ အဆိုးရွားဆုံး နိုင်ငံမှာ လိုက်ဘေးရီးယားနိုင်ငံဖြစ်ပြီး ထိုနိုင်ငံ၏ နှုန်းထားမှာ ကလေး ၁၀၀၀လျှင် ၆၅ဦးသေဆုံးကြောင်း စာရင်းအင်းများက ဖော်ပြသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် မွေးစကလေးသေနှုန်းများရသည့် အဓိကအကြောင်းရင်းမှာ ရောဂါဘယကူးစက်မှုကြောင့်ဖြစ်ပြီး ဖွံ့ဖြိုးပြီးနိုင်ငံများတွင် မွေးစကလေး သေဆုံးရခြင်းမှာ လမစေ့မီမွေးဖွားခြင်း၊ ကလေးပေါင်မပြည့်ခြင်း၊ မီးဖွားခွင့်လုံလောက်စွာမရခြင်းစသည့် အကြောင်းများကြောင့် ဖြစ်သည်ဟု အစီရင်ခံစာက ဆိုသည်။ ***အင်တာနက်။***

❒ NLDမှ

အထင်အမြင်သေးခြင်းကို ခံနေရသဖြင့် ပေးအပ် ထားသည့်တာဝန်များကို ဆက်လက်ဆောင်ရွက်လိုခြင်း မရှိတော့ကြောင်း၊ ၎င်းတို့အနေဖြင့် နိုင်ငံတော်အစိုးရ၏ တိုင်းပြည်နှင့်လူမျိုးအတွက် ဆောင်ရွက်ပေးနေသည့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးဆောင်ရွက်မှုများ၊ ဖွံ့ဖြိုးတိုးတက်ရေးအကောင်အထည်ဖော်မှုများကို နိုင်ငံအနှံ့တွင်သာမက ၎င်းတို့ဒေသတွင်း၌လည်း အမှန်တကယ်မျက်မြင်ကိုယ်တွေ့ သိရှိခံစားနေရပြီဖြစ်ကြောင်း၊ ၎င်းတို့ ဒေသ၌ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများနှင့် လက်တွဲပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကိုယ်တိုင်ပါဝင်ဆောင် ရွက်သွားမည်ဖြစ်ကြောင်း၊ ဒေသခံပြည်သူလူထုကိုလည်း ပါဝင်ဆောင်ရွက်အောင် စည်းရုံးဆောင်ရွက်သွား မည်ဖြစ်ကြောင်း၊ အာဏာမက်မောပြီး အာဏာရရှိရေးကို အဓိကထား၍ ကိုယ်ကျိုးအတ္တကြီးမားသည့် NLDပါတီအပေါ် လုံးဝစိတ်ဝင်စားမှုမရှိတော့သဖြင့် ၎င်းတို့သဘောဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နုတ်ထွက်သည့်ပါတီဝင် ရှစ်ဦးကိုယ်စား တနိုင်းမြို့နယ် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကဆုန်ဆင်ဝါးက ပါတီအတွင်းဆောင်ရွက်ခဲ့စဉ်က အသုံးပြုခဲ့သော အသုံးအဆောင် ပစ္စည်းများကို တနိုင်းမြို့နယ် ပါတီရုံးဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ထံပေးအပ်ပြီး အခမ်းအနားကို ညနေ ၄နာရီတွင် ရုပ်သိမ်းလိုက်သည်။

တနိုင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အလုပ်အမှုဆောင်အဖွဲ့ကို မူလက ကိုးဦးဖြင့် ဖွဲ့စည်းဆောင်ရွက်ခဲ့ရာ ယခုအခါဥက္ကဋ္ဌ ဦးကဆုန်ဆင်ဝါးအပါအဝင် ရှစ်ဦးက NLDပါတီမှ နုတ်ထွက်သွားခဲ့ပြီး ကျန်အလုပ်အမှုဆောင် တစ်ဦးမှာလည်း အခြားဒေသသို့ပြောင်းရွှေ့သွားရောက်နေထိုင်နေသဖြင့် တနိုင်းမြို့နယ် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်လုပ်ငန်း လှုပ်ရှားဆောင်ရွက်မှုမရှိတော့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

IT သင်တန်းများ၌ အသုံးပြုရန် ကွန်ပျူတာ စက်အရန်ပစ္စည်းများ လှူဒါန်း

ရန်ကုန် မေ ၁၀

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ကြေးနန်းဆက်သွယ်ရေးနှင့် စာတိုက်သင်တန်းကျောင်း၌ ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ(KOICA) မှ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနသို့ IT သင်တန်းများ၌ အသုံးပြုရန် ကွန်ပျူတာ စက်အရန်ပစ္စည်းများ လှူဒါန်းပွဲကို ယနေ့ နံနက် ၁၀နာရီတွင် အဆိုပါသင်တန်းကျောင်း၌ ကျင်းပရာ အီလက်ထရွန်းနစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့–အဖွဲ့ဝင် ဦးအောင်မြင့်၊ ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (KOICA)မှ မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ်နှင့် ဒုတိယဌာနေကိုယ်စားလှယ်၊ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနမှဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြသည်။

အီလက်ထရွန်းနစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်မြင့်ထံ ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီမှ မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ် Mr. Cho Sang -Woo က ကွန်ပျူတာစက်အရန်ပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။

(ဆက်သွယ်ရေး)

အခမ်းအနား၌ အီလက်ထရွန်းနစ် အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်မြင့်က အဖွင့်အမှာစကားပြောကြား၍ စက်အရန်ပစ္စည်းများ လက်ခံပြီး ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေး အေဂျင်စီ (KOICA)၏ မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ် Mr. Cho Sang-Woo က လှူဒါန်းရခြင်း အကြောင်း ရှင်းလင်းပြောကြားသည်။

(သတင်းစဉ်)

ဝမ်းလျှောဝမ်းပျက်ရောဂါကာကွယ်ရေး နှိုးဆော်ချက်

မိုးဦးကျကာလသည် ဝမ်းလျှောဝမ်းပျက်ရောဂါ အဖြစ်များသော ကာလဖြစ်ပါသည်။ မိုးဦးကျချိန်တွင် သောက်သုံးရေထဲသို့ ညစ်ညမ်းသောရေနှင့် ရောဂါပိုးများဝင်ရောက်ကာ ကူးစက်ရောဂါများ ဖြစ်စေပါသည်။ အစားအစာများ ပုပ်သိုးလွယ်သဖြင့် အစာဝမ်းသွားတတ်သော ကာလဖြစ်ပါသည်။ ယင်ကောင်များ ပေါက်ပွားပေါများသော ကာလဖြစ်၍ ယင်မှတစ်ဆင့် အစားအစာများ၌ ရောဂါပိုးများ ကူးစက်စေပါသည်။

သို့ဖြစ်ပါ၍ မိုးဦးကျချိန်တွင် ဝမ်းလျှောဝမ်းပျက်ရောဂါများမှ ကာကွယ်ရန်–

(၁) ရေကိုကျိုချက်၍ သောက်ပါ။ အထူးသဖြင့် ကလေးငယ်များကို ရေကျက်အေးတိုက်ပါ။

(၂) ရေတွင်းရေကန်စသည့် ရေထွက်ပင်ရင်းများထဲသို့ ညစ်ညမ်းသောရေနှင့် အမှိုက်သရိုက်များ မဝင်ရောက်နိုင်ရန် ကာကွယ်ပါ။

(၃) သန့်ရှင်းလတ်ဆတ်သောအစားများကို စားပါ။

(၄) အစားအစာများကို ယင်မနားအောင် ဖုံးအုပ်ကာကွယ်ထားပါ။

(၅) အစားအစာများထဲသို့ လက်မှတစ်ဆင့် ရောဂါပိုးများမဝင်နိုင်ရန် အစာကိုင်သောလက်ကို ဆပ်ပြာဖြင့် စင်စင်ဆေးပါ။

(၆) အိမ်သာမှအထွက် လက်ကို ဆပ်ပြာဖြင့် စင်စင်ဆေးပါ။

ဤသို့ကာကွယ်လျက်မှ ဝမ်းလျှောဝမ်းပျက်ရောဂါဖြစ်လာခဲ့လျှင်–

(၁) ဓာတ်ဆားရည်ကို အညွှန်းအတိုင်း အတိအကျ ဖျော်တိုက်ပါ။

(၂) ဆေးရုံဆေးခန်းများသို့ အမြန်ဆုံးပြပါ။

(၃) မိမိမှတစ်ဆင့် အခြားသူများသို့ ရောဂါမကူးစက်ရန် ကာကွယ်ပါ။

ကျန်းမာရေးဝန်ကြီးဌာန

ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် သစ်အချောထည်လုပ်ငန်းများ စစ်ဆေး

ရန်ကုန် မေ ၁၀

သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်အား မေ ၈ ရက် နံနက်ပိုင်းတွင် မြန်မာ့သစ်လုပ်ငန်း အမရပူရမြို့ အမှတ်(၂–က)ပုံဖော်စက်ရုံ၌ စက်ရုံနှင့် ဖက်စပ်လုပ်ကိုင်နေသော Myanmar Teak Wood Industries မှ မန်နေဂျင်းဒါရိုက်တာ ဦးကြည်စိန်က စက်ရုံခန်းမ၌ ရှင်းလင်းတင်ပြရာ မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ ထို့နောက် ဝန်ကြီးက လိုအပ်သည်များကို မှာကြားပြီး စက်ရုံအတွင်းရှိ ခွဲစိတ်ပြီး သစ်ခွဲသားများကို လှည့်လည်ကြည့်ရှုသည်။

ဝန်ကြီးနှင့်တာဝန်ရှိသူများသည် မွန်းလွဲပိုင်းတွင် အမရပူရမြို့ အမှတ်(၁၀၃) သစ်စက်သို့ ရောက်ရှိရာ စက်ရုံမှူးမန်နေဂျာ ဦးမောင်မောင်ကြီးက စက်လည်ပတ်မှု အဆင့်ဆင့်ကို လိုက်လံရှင်းလင်းပြသပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် အမှတ်(၂–ခ)ပုံဖော်စက်ရုံသို့ ရောက်ရှိလာရာ စက်ရုံနှင့် အကျိုးတူဆောင်ရွက်သည့် Win and Win ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးဝင်းဆွေက သစ်ပါးလွှာထုတ်လုပ်မှု အဆင့်ဆင့်ကို လိုက်လံရှင်းလင်းပြသသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ပြည်ကြီးတံခွန်မြို့နယ်ရှိ Hitech သစ်အချောထည်စက်ရုံသို့ ရောက်ရှိလာရာ မန်နေဂျင်းဒါရိုက်တာ ဦးကျော်ကျော်က စက်ရုံနှင့် ပတ်သက်သည် များကို ရှင်းလင်းတင်ပြသည်။ထို့နောက်ဝန်ကြီးနှင့် အဖွဲ့သည် စက်ရုံအတွင်း သစ်အချောထည် ထုတ်လုပ်နေမှု၊ ပရိဘောဂပစ္စည်းများ ထုတ်လုပ်နေမှုနှင့် နိုင်ငံခြား တင်ပို့မည့် ပရိဘောဂပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ် မသုံးစွဲရနေ့

လစဉ်လ၏ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၆ ခုနှစ် မေလအတွက်(၁၄–၅–၂၀၀၆) ရက်နေ့ နှင့် (၂၈–၅–၂၀၀၆)ရက်နေ့

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၁–၅–၂၀၀၆ (ကြာသပတေးနေ့)

၁၃၆၈ခုနှစ်၊ ကဆုန်လပြည့်(ဥပုသ်နေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**

၇:၁၅ ၂။ **တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်**

၇:၃၀ ၃။ နံနက်ခင်းသတင်း

၇:၄၀ ၄။ **နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (အဖွဲ့ဝင်)မကွေးတိုင်း၊ငဖဲမြို့၊ ကန်လည်မင်း ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုမင်္ဂလ ဟောကြားတော်မူအပ်သော ကဆုန်လပြည့်(ဗုဒ္ဓနေ့)တရားတော် နှင့်ဗုဒ္ဓါဘိသေကအနေကဇာတင် တရားတော်**

၈:၁၅ ၅။ သံသာချိုအေးမင်္ဂလာတေး

၈:၂၀ ၆။ International News.

၈:၂၅ ၇။ Hill of Dhamma.

၉:၀၀ ၈။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး

၄:၁၅ ၂။ မျိုးဆက်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးသင်ခန်း

၄:၃၀ ၃။ မွေ့မွေ့ကတေးအစီအစဉ်

၄:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ–ဒုတိယနှစ် (ရုက္ခဗေဒအထူးပြု)(ရုက္ခဗေဒ)

၅:၀၀ ၅။ ချစ်စရာ့အရွယ်ကကြိုးသွယ်

၅:၁၀ ၆။ **"အဲဒီမှာစတွေ့တာပဲ" (မင်းအုပ်စိုး၊ငှက်ပျောကြော်၊ မြတ်ကေသီအောင်၊နှင်းဝတ်ရည်သောင်း) [ဒါရိုက်တာ–မင်းအုပ်စိုး]**

၅:၁၅ ၇။ နိုင်ငံ့အဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

၅:၃၀ ၈။ ကဆုန်လပြည့်နေ့တေးများ

၅:၄၀ ၉။ ကုသိုလ်ပန်းဝေသွန်းညောင်ရေ

၆:၀၀ ၁၀။ ညနေခင်းသတင်း

၆:၃၀ ၁၁။ မိုးလေဝသအခြေအနေ

၆:၃၅ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဖန်ပန်းလုလု"(အပိုင်း–၇)**

၇:၃၀ ၁၃။ **သီတဂူဆရာတော် အရှင်ဉာဏိဿရ၏ ကဆုန်လပြည့် (ဗုဒ္ဓနေ့)တရားတော်(သံဝေဇနိယ လေးဌာန)(ဖူးမြှင့်တော်)**

၈:၀၀ ၁၄။ ပြည်တွင်းသတင်း

၁၅။ နိုင်ငံတကာသတင်းများ

၁၆။ မိုးလေဝသအခြေအနေ

၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရွှေနေ"(အပိုင်း–၄)**

၁၈။ **မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရုပ်ဆယ်မျက်နှာမေတ္တာဘာဝနာ ပွားများခြင်းတရားတော်**

၁၉။ နောက်တစ်နေ့အစီအစဉ်

၂၀။ အစီအစဉ်ပြီး၏။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၏ (၁၁၄)ကြိမ်မြောက် အစည်းအဝေးတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှငွေးဝင်း အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ (၁၁၄)ကြိမ်မြောက် အစည်းအဝေးကျင်းပ ယာဉ်တိုက်မှုနှင့်ယာဉ်မတော်တဆဖြစ်မှုများလျော့နည်းကျဆင်းစေရေး ရှင်းလင်းပြောကြား

ရန်ကုန် မေ ၁၀

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၏ (၁၁၄)ကြိမ်မြောက် အစည်းအဝေးကို မေ ၈ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်ရှိ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်လှငွေးဝင်း တက်ရောက်၍ ရှင်းလင်းပြောကြားသည်။

တက်ရောက်

အစည်းအဝေးသို့ ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့် ကော်မတီဝင်များ၊ ဆပ်ကော်မတီဝင် များ၊ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ ဌာန ဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြား ထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်မှူးချုပ် လှငွေးဝင်းက ရန်ကုန်မြို့တော်နေ ပြည်သူများ ယာဉ်စည်းကမ်း၊ လမ်း စည်းကမ်းစနစ်တကျ လိုက်နာကြပြီး ယာဉ်တိုက်မှုနှင့် ယာဉ်မတော်တဆ ဖြစ်မှုများ လျော့နည်းကျဆင်းစေရေး အတွက် ယာဉ်စည်းကမ်း ထိန်းသိမ်း ရေးကြီးကြပ်မှုကော်မတီနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက် ကြရမည့် ပညာပေးခြင်း၊ စစ်ဆေး ကြပ်မတ်အရေးယူခြင်း လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ယာဉ်စည်းကမ်း ထိန်း သိမ်းရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ အတွင်းရေးမှူး၊ တိုင်းအုပ်ချုပ်ရေးမှူး ဦးလှစိုး၊ တွဲဖက်အတွင်းရေးမှူး ရန်ကုန် တိုင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်း ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအောင်နိုင်၊ ကော်မတီဝင်များ၊ ဆပ်ကော်မတီဝင် များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ပြည်သူများ ယာဉ်စည်းကမ်း၊ လမ်း စည်းကမ်း စနစ်တကျ လိုက်နာကြစေ ရေးအတွက် ပညာပေး၊ အရေးယူ ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ မတ်လနှင့် ဧပြီလများအတွင်း ယာဉ် စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်း ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအခြေ အနေ၊ ယာဉ်တိုက်မှုနှင့် ယာဉ် မတော်တဆ ဖြစ်မှုများဖြစ်ပွားရသည့် အကြောင်းရင်းများနှင့် ယာဉ်တိုက်မှု လျော့နည်း ကျဆင်းစေရေးအတွက် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်း များ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေး လုပ်ငန်းများ၌ ကဏ္ဍ အလိုက် ဌာနဆိုင်ရာ အဖွဲ့အစည်း များက ပါဝင်ကူညီဆောင်ရွက်လျက် ရှိသည့် အခြေအနေနှင့် ဆက်လက် ဆောင်ရွက်ကြမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ တိုင်းမှူးက လိုအပ်သည်များကို ညှိနှိုင်း စီမံဆောင်ရွက်ပေးပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးလုပ်ငန်း များကို တာဝန်ရှိသူ အဆင့်ဆင့်က ယခုထက် ပိုမိုကြပ်မတ် ဆောင်ရွက် ကြရေးနှင့်စိမ်းလန်းသာယာပြီး သန့်ရှင်း ကျန်းမာသော မြို့တော်တည်ဆောက် ရေး လုပ်ငန်းစီမံချက် အောင်မြင်စေရေး အတွက် ဌာနဆိုင်ရာ အဖွဲ့အစည်း အသီးသီးကဝိုင်းဝန်းပူးပေါင်းဆောင်ရွက် ကြရေးနှင့်စပ်လျဉ်း၍ နိဂုံးချုပ်အမှာ စကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အောင်မြေဗိမာန်စာသင်တိုက် ဓမ္မဗိမာန် ကျောင်းဆောင်သစ် ပန္နက်တင်ပွဲ ကျင်းပ

ရန်ကုန် မေ ၁၀

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄) ရပ်ကွက်၊ ဟသ်ာလမ်းရှိအောင်မြေဗိမာန် စာသင်တိုက် ဓမ္မဗိမာန် သုံးထပ် ကျောင်းဆောင်သစ်ပန္နက်တင်နှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို မေ ၇ ရက် နံနက်ပိုင်းတွင် အဆိုပါ ကျောင်း တိုက်၌ ကျင်းပရာ တောင်ဥက္ကလာပမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တနန္ဒမာလာ၊ အကျိုးတော်ဆောင် ဘဒ္ဒန္တဥတ္တမနှင့် အောင်မြေဗိမာန်စာသင်တိုက် ဆရာတော် ဘဒ္ဒန္တအာဒိစ္စဝံသ [Ph.D, Research Scholar, Magadh University, India] နှင့် သံဃာတော်များ ကြွရောက်တော်မူကြပြီး အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အောင်မြေဗိမာန်စာသင်တိုက် ဓမ္မဗိမာန်သုံးထပ်ကျောင်းဆောင် မြေနေရာကို မြို့နယ် သံဃနာယက အဖွဲ့ ဥက္ကဋ္ဌ ဆရာတော်၊ အကျိုးတော်ဆောင် ဆရာတော်နှင့် အောင်မြေဗိမာန်စာသင်တိုက် ဆရာတော် **(အပေါ်ယာပုံ)** အမှူးပြုသော သံဃာတော်များနှင့် အလှူရှင်များက ပန္နက်တင်မင်္ဂလာ ကျင်းပသည်။

လှူဒါန်း

ထို့နောက် မြို့နယ်သံဃနာယက အဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ဘဒ္ဒန္တနန္ဒမာလာထံမှ ညွှန်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီးနောက် အလှူငွေပေးအပ်ပွဲကို ကျင်းပရာ အလှူရှင်အသီးသီးတို့က စုစုပေါင်းငွေကျပ် ၁၈ သိန်းပေးအပ်လှူဒါန်းကြရာ ဦးမြင့်လွင်နှင့် ဦးဝင်းဌေးတို့က လက်ခံကြသည်။ ၎င်းနောက် မြို့နယ်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တဥတ္တမက အနုမောဒနာနှင့် ရေစက်ချတရား ချီးမြှင့်သည်။

ကျောင်းဆောင်သစ်အတွက် ပါဝင်လှူဒါန်းလိုပါက အောင်မြေဗိမာန်စာသင်တိုက် ဆရာတော် ဘဒ္ဒန္တအာဒိစ္စဝံသ ဖုန်း–၅၆၂၀၂၅ ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။(က–ပ)

ပုံနှိပ်အတတ်ပညာ သင်တန်းဖွင့်ပွဲ ကျင်းပ

ရန်ကုန် မေ ၁၀

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၏ ပုံနှိပ်အတတ်ပညာ သင်တန်းအမှတ်စဉ် (၁/၂၀၀၆) ဖွင့်ပွဲ အခမ်းအနားကို မေ၈ရက်နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် အောင်ဆန်းမြို့ရှိ ˚G.T.C ပုံနှိပ်စက်ရုံ သင်တန်းခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင် ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်း၊ ပြန်ကြားရေးဝန်ကြီးဌာနမှ အကြံပေး ပုဂ္ဂိုလ်များ၊ ပုံနှိပ်ရေးနှင့်စာအုပ် ထုတ်ဝေရေး လုပ်ငန်းမှ တာဝန်ရှိသူများ၊ သင်တန်းကြီးကြပ်မှုကော်မတီဝင်များ နှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ထို့နောက် ပုံနှိပ်ရေးနှင့်စာအုပ် ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြား ရေးမှူး ဦးအောင်ငြိမ်းက သင်တန်းဖွင့် အမှာစကား ပြောကြားသည်။

အဆိုပါပုံနှိပ်အတတ်ပညာသင်တန်း သို့ သင်တန်းသား၊ သင်တန်းသူ ၄၁ဦးတို့ တက်ရောက်ကြပြီး သင်တန်း ကာလမှာ ရက်သတ္တပတ် ကြာမြင့်မည်ဖြစ်သည်။

(သတင်းစဉ်)

မန္တလေးအသင်းနှစ်ပတ်လည်အစည်းအဝေးကျင်းပ ဆန်လှူအသင်းအတွက် ငွေကျပ် ၁၅ သိန်းလှူဒါန်း

ရန်ကုန် မေ ၁၀

မန္တလေးအသင်း(ရန်ကုန်)၏ (၂၉) ကြိမ်မြောက် နှစ်ပတ်လည်အသင်းသား စုံညီအစည်းအဝေး၊ အကြိမ်(၃၀) မြောက် ပညာရည်ချွန်ဆုပေးပွဲ၊ ဘွဲ့ တံဆိပ်ချီးမြှင့်ခြင်းခံရသော အသင်းသူ အသင်းသားများအားဂုဏ်ပြုပွဲနှင့်မန္တလေး ချမ်းသာကြီးဆန်လှူအသင်းအား ဆွမ်း ဆန်တော်အလှူငွေ စုပေါင်းပေးအပ်ပွဲ ကို မေ ၆ရက် နံနက် ၉ နာရီက ပန်းဘဲတန်းမြို့နယ်၊ ကုန်သည်လမ်း၊ အသင်းတိုက်ရတနာပုံခန်းမဆောင်တွင် ကျင်းပသည်။

မန္တလေးအသင်း စည်းရုံးရေးမှူး ဦးတီတိုး (မြန်မာ–မန်း ရေ လုပ်ငန်း)က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပြီး သဘာပတိအသင်းဥက္ကဋ္ဌ ဦးမြသောင်း (Jewel Hotel) က အဖွင့်အမှာ စကားပြောကြားသည်။ ဆက်လက်၍ အသင်းအတွင်းရေးမှူး ဒေါ်မြင့်မြင့်ခိုင်၊ ဘဏ္ဍာရေးမှူး ဒေါ်ခင်အေးမှုတို့က အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်း များ ဖတ်ကြားသည်။

ဆက်လက်၍ မန္တလေးချမ်းသာကြီး ဆန်လှူအသင်းအတွက် လှူဒါန်းငွေ ကျပ် ၁၅သိန်းကို မန္တလေးအသင်းဥက္ကဋ္ဌ က ပေးအပ်ရာ မန္တလေးချမ်းသာကြီး ဆန်လှုအသင်းဥက္ကဋ္ဌ ဦးသန့်ဇင်နှင့် အမှုဆောင် ဦးအောင်ဆန်းဝင်းတို့က လက်ခံရယူသည်။

ထို့နောက် ဘွဲ့တံဆိပ်ချီးမြှင့်ခံရသူ များနှင့်တက္ကသိုလ်ဝင်စာမေးပွဲ၌ဂုဏ်ထူး ရရှိသူများအား ဆုများချီးမြှင့်သည်။

ထို့နောက် မန္တလေးချမ်းသာကြီး ဆွမ်းဆန်တော် ဆန်လှူအသင်းဥက္ကဋ္ဌ က ကျေးဇူးတင်စကား ပြောကြားပြီး ဂုဏ်ထူးရှင်များကိုယ်စားခြောက်ဘာသာ ဂုဏ်ထူးရှင် မခင်ခင်ယုမော်က ကျေးဇူး တင်စကား ပြန်လည်ပြောကြားကာ အထွေထွေရန်ပုံငွေ၊ ပညာရေးရန်ပုံငွေ၊ လူမှုရေး(နာရေး)ရန်ပုံငွေများ လှူဒါန်း သည့် အလှူရှင်များနှင့် ၂၀၀၆ ခုနှစ် မန္တလေးအသင်းပြက္ခဒိန် ထုတ်ဝေရေး တွင် ဓာတ်ပုံလှူဒါန်းသူများအား ဂုဏ်ပြုလွှာများပေးအပ်သည်။(က–ပ)

တိပိဋကဓရ တိပိဋကကောဝိဒ စာအောင်အရှင်သူမြတ်များအား ချီးကျူးပူဇော်ပွဲအခမ်းအနား မေ ၂၇ ရက်တွင် ကျင်းပမည်

ရန်ကုန် မေ ၁၀

သာသနာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသော (၅၈)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့ အာဇာနည် အရှင်မြတ်များအား အောင်လက်မှတ်၊ ဘွဲ့တံဆိပ်ဆက်ကပ်ပွဲနှင့် ချီးကျူးပူဇော်ပွဲ အခမ်းအနားကို (၁၃၆၈ခုနှစ် နယုန်လဆန်း၁ရက်) မေ ၂၇ရက် (စနေနေ့) နံနက် ၈နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေမဟာပါသာဏ လိုဏ်ဂူတော်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါအခမ်းအနားသို့နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဆရာတော်ကြီးများ၊ တိပိဋကဓရ ဩဝါဒါစရိယဆရာတော်ကြီးများ၊ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဆရာတော်များ၊ တိပိဋကဓရတိပိဋက ကောဝိဒဆရာတော်များ၊ စာထောက်စာမ ဆရာတော်များ၊ ပင့်သံဃာတော်များနှင့် ယခုနှစ်တွင် ပြန်ဆိုရေးဖြေအောင်မြင် တော်မူကြသော မူလအာဘိဓမ္မိကနှစ်ပါး၊ ဒီဃနိကာယကောဝိဒနှစ်ပါး၊ ဒီဃဘာဏကတစ်ပါး၊ ဝိနယကောဝိဒတစ်ပါး၊ ဝိနယဓရ ၁၈ပါး၊ ဥဘတောဝိဘင်္ဂကောဝိဒ ခုနစ်ပါး၊ ဥဘတောဝိဘင်္ဂဓရ ၄၂ ပါး စုစုပေါင်း စာအောင်သံဃာ ၇၃ ပါး အပါအဝင် ပင့်သံဃာ ၂၂၁ ပါးတို့အား လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် ချီးကျူးပူဇော်လှူဒါန်းမည် ဖြစ်ပါသဖြင့် ကြွရောက်ကြည်ညိုကြပါရန်နှင့် လှူဖွယ် ဝတ္ထုပစ္စည်းများကိုကြိုတင်၍ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းလှ ဖုန်း –၆၆၀၇၆၆ ထံ၌ လည်းကောင်း၊ မေ ၁ ရက်မှစ၍ ဝိဇယမင်္ဂလာဓမ္မ သဘင်အနောက်ဘက် အလှူခံမဏ္ဍပ်နှင့် ကမ္ဘာအေးစေတီ အရှေ့ဘက်မုခ် အလှူခံမဏ္ဍပ်တို့၌လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်သည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၁–၅–၂၀၀၆ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	ကျန်းမာရွှင်လန်းယောဂအစွမ်း
၇:၁၅	၄။	မျိုးချစ်တပ်မတော်
၇:၂၀	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၆။	မြန်မာသံစဉ်ချိုနှာဝင်
၇:၄၀	၇။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၂။	ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	ကျန်းမာရွှင်လန်းယောဂအစွမ်း
၄:၁၅	၄။	မျိုးချစ်တပ်မတော်
၄:၂၀	၅။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၃၀	၆။	မြန်မာသံစဉ်ချိုနှာဝင်
၄:၄၀	၇။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၅၀	၈။	ရွှင်ကြည်ပြုံးစရာတေးကဗျာ
၅:၀၀	၉။	မျိုးချစ်တပ်မတော်
၅:၂၀	၁၀။	မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၅	၁၁။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၂။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၃။	နိုင်ငံတကာသတင်း
၆:၂၀	၁၄။	မိုးလေဝသသတင်း
၆:၂၅	၁၅။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀	၁၆။	မျှော်လင့်စောင့်စားဂျာမနီ ကမ္ဘာ့ဖလား
၆:၅၀	၁၇။	လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၈။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မေတ္တာသည်သာ" (အပိုင်း–၁၄)**
၈:၀၀	၁၉။	မြဝတီရုပ်မြင်သံကြားသတင်း
	၂၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၁။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၂။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "လက်မတင်လေး" (အပိုင်း–၁)**
	၂၃။	သင့်အတွက်မနက်ဖြန်
	၂၄။	အပိတ်နှုတ်ဆက်စကား
	၂၅။	ပြီးပါပြီ။

သက်ကြီးဘိုးဘွားများအား မျက်စိခွဲစိတ်ကုသ ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းပေးအပ်ပွဲကျင်းပ

ရန်ကုန် မေ ၁၀

ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ကြီးမှူးပြုလုပ်သည့် သက်ကြီးဘိုးဘွားများအား မျက်စိခွဲစိတ်ကုသပေးခြင်း၊ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ထောက်ပံ့ငွေ၊ ထောက်ပံ့ပစ္စည်းပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက် ၁၁နာရီခွဲ တွင် ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် နတ်မောက်လမ်းရှိ မျက်စိအထူးကုဆေးရုံကြီး၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် လှထွေးဝင်းနှင့်ဇနီး၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေတို့ တက်ရောက်၍ ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်ကြသည်။

သက်ကြီးဘိုးဘွားများအား မျက်စိခွဲစိတ်ကုသပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ထောက်ပံ့ငွေ၊ ထောက်ပံ့ပစ္စည်း ပေးအပ်ခြင်း အခမ်းအနားတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် လှထွေးဝင်းထံ အလှူရှင်တစ်ဦးက အလှူငွေများပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အမှာစကား

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်မှူးချုပ် လှထွေးဝင်းက အမှာစကားပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက အခမ်းအနား ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် မျက်စိအထူးကုဆေးရုံ ဆေးရုံအုပ်ကြီးဒေါက်တာအမဲဂျာနော်က ဘိုးဘွားများအားမျက်စိခွဲစိတ်ကုသမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဘိုးဘွားများအတွက် ဦးအောင်မြတ် (Managing Director, Mother Trading Co;Ltd)က ငွေကျပ် ၁၀ သိန်း၊ ဦးဝင်းလွင်–ဒေါ်မြတ်မြတ်မော် (ကျော်သာ ကုမ္ပဏီလီမိတက်)က ငွေကျပ် ၁၀ သိန်းနှင့် ပရိဗိုက်အားဆေး ဘူး ၃၆၀၊ ဦးဇော်နိုင်–ဒေါ်ခင်မာဆွေ (နေကာနန်းတော်–ပါဝါနန်းတော်၊ နာရီနန်းတော်)က ငွေကျပ် ငါးသိန်းတန်ဖိုးရှိ မျက်မှန် ၂၆ လက်၊ သမားတော်ကြီး ဦးလှထွေး သီရိသုမင်္ဂလာ ဒေါ်တင်နွယ်ဦး (မုန့်ချိုဆေးတိုက်)က ငွေကျပ် တစ်သိန်းနှင့် ရန်ကုန်တိုင်း စစ်ဌာနချုပ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ငွေကျပ် တစ်သိန်း စုစုပေါင်း အလှူငွေကျပ် ၂၂ သိန်း၊ ပရိဗိုက် အားဆေးဘူး ၃၆၀၊ ငွေကျပ် ငါးသိန်း တန်ဖိုးရှိ မျက်မှန် ၂၆ လက်တို့ကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူးနှင့် ဇနီးတို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ငွေကျပ် ၁၀ သိန်း

ဆက်လက်၍ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက မျက်စိအထူးကု ဆေးရုံ၏ ဆေးပဒေသာပင်အတွက် ငွေကျပ် ၁၀ သိန်းကို ဆေးရုံအုပ်ကြီး ဒေါက်တာ အမဲဂျာနော်ထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ရန်ကုန် အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းရွှေယဉ်က ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေထံသို့ ရာသက်ပန် အသင်းဝင် အဆိုပြုလွှာများကို ပေးအပ်သည်။

ဂုဏ်ပြုလက်ဆောင်

ထို့နောက် ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး မောင်မောင်ရိုန်က မျက်စိခွဲစိတ် ကုသပေးသော ဆရာဝန်ကြီးများနှင့် သူနာပြုများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ယင်းနောက် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ အတွင်းရေးမှူး ဒေါက်တာလှမြင့်က ဘိုးဘွားများအား ကျန်းမာရေး စောင့်ရှောက်မှုပေးရာတွင် ကူညီဆောင်ရွက်ပေးကြသော ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်ကြီးများအားဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူး၊ ဇနီးနှင့် ဧည့်သည်တော်များသည် မျက်စိစမ်းသပ် စစ်ဆေးပြီးသည့် ဘိုးဘွားများအား မျက်မှန်များ လိုက်လံတပ်ဆင်ပေးအပ်ပြီး ဆရာဝန်ကြီးများက ဘိုးဘွားများအား ကျန်းမာရေး စောင့်ရှောက်မှုပေးနေမှု၊ မျက်စိခွဲစိတ်မည့်လူနာများနှင့် မျက်စိခွဲစိတ်ကုသပြီးသည့် ဘိုးဘွားများအား လိုက်လံကြည့်ရှုအားပေးကြပြီး ထောက်ပံ့ငွေများ၊ ထောက်ပံ့ပစ္စည်းများ၊ ဆေးဝါးများအား ထောက်ပံ့ပေးအပ်ကြသည်။

ယနေ့ ကျင်းပသည့် အခမ်းအနား၌ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူး၍ ဘိုးဘွား ၁၀၆ဦးအား ကျန်းမာရေး စစ်ဆေးစမ်းသပ်ပေးခဲ့ရာ ယင်းအနက် ဘိုးဘွား ၄၀ အား မျက်စိခွဲစိတ်ကုသပေးခြင်း၊ ဘိုးဘွား ၂၆ဦးအား မျက်မှန်တပ်ဆင် ပေးခြင်းနှင့် ဘိုးဘွား ၄၀ အား အထွေထွေရောဂါ စစ်ဆေး ကုသခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် မျက်စိခွဲစိတ်ကုသမှုခံယူရသည့် ဘိုးဘွားများအား တစ်ဦးလျှင် ငွေကျပ် ၅၀၀၀စီဖြင့် ငွေကျပ် နှစ်သိန်း၊ မျက်မှန် တပ်ဆင်ရသည့် ဘိုးဘွားများနှင့် အထွေထွေရောဂါ စမ်းသပ်ကုသမှု ခံယူရသည့် ဘိုးဘွားများအား တစ်ဦးလျှင် ငွေကျပ် ၃၀၀၀စီဖြင့် ငွေကျပ် ၂၅၈၀၀၀၊ စုစုပေါင်း ငွေကျပ် ၄၅၈၀၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

MCPA စာမေးပွဲများ ကျင်းပမည်

ရန်ကုန် မေ ၁၀

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းက IT ပညာဖွံ့ဖြိုး တိုးတက်ရေးအတွက် MCPA Professional Certification စာမေးပွဲများကို ကျင်းပမည်ဖြစ်ရာ MCPA Professional Certification (Fundamental) စာမေးပွဲကို မေ ၂၁ရက်တွင်လည်းကောင်း၊ MCPA Professional Certification (Software Engineering နှင့် Network Engineering) စာမေးပွဲကို မေ ၂၈ရက်တွင်လည်းကောင်း ရန်ကုန်နှင့် မန္တလေးတို့၌ တစ်ပြိုင်တည်း ကျင်းပမည်ဖြစ်သည်။

စာမေးပွဲဘာသာရပ်မှာ Japan-Myanmar Cross Certification IT Engineer Exam သင်ရိုးညွှန်းတမ်းအတိုင်းဖြစ်ပြီး ဝင်ရောက်ဖြေဆိုလိုသူများသည် လျှောက်လွှာများကို မေ ၁၉ရက်နောက်ဆုံးထား၍ လျှောက်ထားနိုင်ကြောင်းနှင့် ယင်းစာမေးပွဲအောင်မြင်ပြီးသူများသာလျှင် နိုင်ငံခြားပညာသင်ဆုကို လျှောက်ထားနိုင်မည်ဖြစ်က အသေးစိတ်သိလိုပါက လှိုင်မြို့နယ် Myanmar Info-Tech ရှိ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းရုံး ဖုန်း–၆၅၂၂၇၆ သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ သူနာပြုအသင်း

၂၀၀၆ ခုနှစ်

အပြည်ပြည်ဆိုင်ရာသူနာပြုနေ့

Safe Staffing Saves Lives

ပြုစုအင်အားပြည့်ဝမှ – လုံခြုံစိတ်ချပြည်သူ့ဘဝ

၂၀၀၆ ခုနှစ် မေလ(၁၂)ရက်

သူနာပြုတက္ကသိုလ်(ရန်ကုန်)

တီးတိန်မြို့နယ်နှင့် အောင်မြေသာစံမြို့နယ်တို့၌ မီးလောင်မှုဖြစ်ပွား

ရန်ကုန် မေ ၁၀

ချင်းပြည်နယ်တီးတိန်မြို့နယ် လွယ်ပွားရပ်ကွက်နေ ဦးမိုခန့်စိန်၏နေအိမ်၌ မေ ၈ ရက် နံနက် ၃နာရီခန့်တွင် မီးဖိုမီးကြွင်းမီးကျန်မှစတင်၍ မီးလောင်မှုဖြစ်ပွားရာ မီးလောင်ရာသို့ သန္တေ/အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းငြိမ်းသတ်ခဲ့သည်။ မီးလောင်မှုကြောင့် အိမ်တစ်လုံး မီးလောင်ဆုံးရှုံးသွားသည်။

အလားတူ မန္တလေးတိုင်း အောင်မြေသာစံမြို့နယ် (၁၅၉)ပုလဲငွေရောင်ရပ်ကွက် ၂၂/၂၃ လမ်းနှင့် ၈၃/၈၄လမ်းကြားနေ ဦးအိုက်ရီ၏ နှစ်ထပ်တိုက်၏ မြေညအောက်ခန်း၌ မေ ၉ရက် ည ၇နာရီ မိနစ် ၄၀တွင် မီးစက်နှိုးရာမှ ဝါရာရှော့ဖြစ်ပြီး မီးလောင်ကျွမ်းမှုဖြစ်ပွားရာ မီးလောင်ရာသို့ သန္တေ/အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၆၀ ကျော်သွားရောက်ငြိမ်းသတ်ခဲ့သည်။ ယင်းမီးလောင်မှုကြောင့် မီနန်အိတ်၊ သစ်ခွပန်းခြောက်နှင့် ဝါယာကြိုးများ မီးလောင်ခဲ့ပြီး ငွေကျပ် ၂၀၀၀၀ ခန့် ဆုံးရှုံးသွားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



တစ်ပြည်လုံးတွင် ထစ်ချုန်းမည့်အခြေအနေများဖြစ်ပေါ်နိုင်

၂၀၀၆ခုနှစ်၊ မေလ ၁၀ ရက်နေ့ မွန်းလွဲ ၂ နာရီအချိန် ထုတ်ပြန်ချက် ယနေ့နံနက် ၀၉း၃၀ နာရီအချိန်ထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄နာရီ အတွင်းက ကရင်ပြည်နယ်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့သည်။ နေ့အပူချိန်များမှာ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ဧရာဝတီတိုင်းနှင့်တနင်္သာရီတိုင်းတို့တွင် ဖြစ်မြဲထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်ထိ ပိုခဲ့ပြီး မကွေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် ဖြစ်မြဲအောက် ၃ ဒီဂရီစင်တီဂရိတ်နှင့်ရခိုင်ပြည်နယ်တွင် ဖြစ်မြဲအောက် ၅ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ကျန်ဒေသများတွင် ဖြစ်မြဲနှင့်သာရှိခဲ့သည်။ **ထူးခြားသည့်နေ့အပူချိန်များမှာ** ရွှေဘိုမြို့၊ မကွေးမြို့နှင့် ဘားအံမြို့တို့တွင် ၃၈ဒီဂရီစင်တီဂရိတ်စီ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

၂၀၀၆ ခုနှစ် မေ ၁၁ ရက် ညနေအထိ ခန့်မှန်းချက်

ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ် အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် ထစ်ချုန်းမည့်အခြေအနေများ ဖြစ်ပေါ်နိုင်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန် ၃၅ ဒသမ ၃ ဒီဂရီစင်တီဂရိတ် (၉၅ ဒီဂရီဖာရင်ဟိုက်)	၉–၅–၂၀၀၆
အနိမ့်ဆုံးအပူချိန် ၂၀ ဒသမ ၇ ဒီဂရီစင်တီဂရိတ် (၆၉ ဒီဂရီဖာရင်ဟိုက်)	၁၀–၅–၂၀၀၆
၀၉း၃၀နာရီအချိန် စိုထိုင်းဆ ၈၂ ရာခိုင်နှုန်း	၁၀–၅–၂၀၀၆
နေပွင့်သည့်နာရီပေါင်း ၈ ဒသမ ၃ နာရီခန့်	၉–၅–၂၀၀၆

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၁၀–၅–၂၀၀၆	မရှိ	၁၈မမ(၀ဒသမ၇၀လက်မ)	Tr
၁–၁–၂၀၀၆ရက်မှ ယနေ့အထိ	(၅ဒသမ၈၇လက်မ)၊	(၇ဒသမ၈၇လက်မ)၊	(၅ဒသမ၅၉လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၉–၅–၂၀၀၆ ရက် ၁၆း၅၀ နာရီအချိန်တွင် အနောက်ဘက်မှ တစ်နာရီ ၁၂မိုင်နှုန်း တိုက်ခတ်သည်။

ဗုဒ္ဓစာပေနှင့် ယဉ်ကျေးမှုသင်တန်းကျောင်း ဖွင့်လှစ်နိုင်ရန် ကျောင်းလွှဲအပ်လှူဒါန်း

ရန်ကုန်   မေ   ၁၀

ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် (၇)ရပ်ကွက် မြင်တော်သာလမ်းရှိ ကျောက်ချောင်း ကျောင်းတိုက်ကို ဗုဒ္ဓစာပေနှင့် ယဉ်ကျေးမှုသင်တန်းကျောင်းတော်ကြီးအဖြစ် တည်ထောင်ဖွင့်လှစ်နိုင်ရန်အတွက် သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနအဘိဓမ္မာနှင့် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း သင်တန်းမှူးဆရာတော် ဘဒ္ဒန္တဝါယာမသာရ (သာသနဓဇ ဓမ္မာစရိယ မဟာဂန္ထဝါစကပဏ္ဍိတ) ဥဘတောဝိဘင်္ဂရေ M.A (Q) အားလွှဲပြောင်း ပေးအပ်လှူဒါန်းပွဲကို ကျောက်ချောင်းကျောင်းတိုက်၌ မေ ၇ ရက် နံနက် ၈နာရီခွဲက ကျင်းပသည်။

အခမ်းအနားတွင် ရှေးဦးစွာ အကျိုးတော်ဆောင် ညောင်တုန်း ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ပြီး ကျောင်းပိုင်ဆရာတော် ဘဒ္ဒန္တတေဇောဘာသက သင်တန်းမှူးဆရာတော် ဘဒ္ဒန္တဝါယာမ သာရထံကျောင်းလွှဲအပ်လှူဒါန်းသည့် စာချုပ်ကို ပေးအပ်လှူဒါန်းသည်။ **(အပေါ်ယာပုံ)**

ထို့နောက် ကျောင်းအလှူရှင်များဖြစ်ကြသော ဆရာတော် ဒေါက်တာဘဒ္ဒန္တသုန္ဒရ (သာသနောဒယ)က ငွေကျပ်တစ်သိန်း၊ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ-ဒေါ်ခင်မာအေး မိသားစုက ငွေကျပ်တစ်သိန်း၊ ဒေါက်တာမိုမိုသိမ်းမိသားစုက ငွေကျပ် ၁၀သိန်း၊ ဒူးရင်းသီးဦးစိုးမြင့် (အဂ္ဂမဟာသီရိသုဓမ္မဇောတဓရ လူမှုထူးချွန်ပထမဆင့်)-ဒေါ်ခင်မာရီ မိသားစုက ငွေကျပ် နှစ်သိန်း၊ ဒေါက်တာကျော်ညွန့်လွင်-ဒေါက်တာနုနုထွင်း မိသားစုက ငွေကျပ် နှစ်သိန်း၊ ဗိုလ်မှူးကြီးဇင်ဝေသိမ်း(ငြိမ်း)-ဒေါ်ခင်ခင်ဝင်း မိသားစုက ငွေကျပ်တစ်သိန်းခွဲ၊ ဦးမြင့်ဆွေ၊ ဒေါ်ညွန့်ညွန့်ဆွေ မိသားစုက ငွေကျပ်တစ်သိန်း၊ ဦးခင်မြင့်၊ ဒေါ်ရဲမာမော်နိုင်နှင့် ခုနစ်ရက်သားသမီး မိသားစုက ငွေကျပ်တစ်သိန်း၊ဗိုလ်မှူးစောဝင်းသိမ်း-ဒေါ်လဲ့လဲ့မိုးမိသားစုက ငွေကျပ်တစ်သိန်း၊ ဦးလှသန်း-ဒေါ်အပြိုး မိသားစုက ငွေကျပ်တစ်သိန်း၊ ဒေါ်ခင်စန်းစန်း၊ ဒေါ်ဝေဝေမြင့် ညီအစ်မက ငွေကျပ်တစ်သိန်း၊ ဦးစိန်ဝင်းလှိုင်-ဒေါ်ခင်ခင်ကြီး မိသားစုက ငွေကျပ်

တစ်သိန်း၊ ဦးစိုးတင့်-ဒေါ်မြင့်မြင့်ဆွေ မိသားစုက ငွေကျပ် တစ်သိန်း၊ ဦးထွန်းရွှေနှင့် မောင်နှမတစ်စု(သက္ကလ)က ငွေကျပ်တစ်သိန်း၊ ဦးဝင်းထိန်၊ ဒေါ်သိန်းမြင့်ကြည်မိသားစုက ငွေကျပ်တစ်သိန်း၊ ဦးသန်းထွန်း၊ ဒေါ်သက်သက်ဝင်း မိသားစုက ငွေကျပ် တစ်သိန်း၊ ဦးစံမောင်-ဒေါ်ခင်ကြည်၊ သား (နက္ခတ္တဗေဒပညာရှင်) ဆရာဦးသန်းဝင်း မိသားစုက ငွေကျပ်တစ်သိန်း စုစုပေါင်း အလှူရှင်၂၅ဦးတို့က အလှူငွေ ကျပ်သိန်း ၃၀ကျော် ပေးအပ်လှူဒါန်းကြပြီးနောက် နိုင်ငံတော် သံဃမဟာနာယကဥက္ကဋ္ဌ မကွေးဆရာတော်ကြီးထံမှ အနုမောဒနာ ရေစက်ချတရား နာယူကြသည်။ (ကြေးမုံ)

ဗုဒ္ဓပူဇနိယဆီမီး ၉၉၀၀ အဖွဲ့(အင်းစိန်) ဒသမအကြိမ် ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန်   မေ   ၁၀

ဗုဒ္ဓပူဇနိယဆီမီး ၉၉၀၀ အဖွဲ့(အင်းစိန်)က ၂၀၀၅ ခုနှစ်တွင် အဖွဲ့၏ဩဝါဒါစရိယ ဆရာတော်ကြီး ခုနစ်ပါးနှင့် ညောင်ဦးမြို့နယ် စဥ့်ကူမြို့ရှိ ဝါဆိုသံဃာ ၃၁၅ ပါးကို ငွေကျပ် ၄၅ သိန်းကျော်ဖိုးမျှ သင်္ကန်းနှင့် ဆွမ်းဆန်စိမ်း၊ ဆွမ်းဟင်း၊ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လောင်းလှူခဲ့ပြီး ၂၀၀၆ ခုနှစ် ဒသမအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်ပွဲကို ဩဂုတ် ၂ ရက်(တနင်္ဂနွေနေ့)တွင် အင်းစိန် ရွာမအနောက်ရပ်ကွက် ညောင်ပင်သာကျောင်းတိုက်၌ ကျင်းပရန်စီစဥ်ထားရာ အဖွဲ့ဩဝါဒါစရိယဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ ဓမ္မကထိက ဆရာတော်များကို ဝါဆိုသင်္ကန်းများ အလှူရှင်များကိုယ်တိုင် ဆက်ကပ်မည်ဖြစ်သည်။

သင်္ကန်းတစ်စုံ ကျပ် ၁၉၈၀ ဖြင့် လှူဒါန်းလိုသူများသည် ဦးမြင့်စိုး (တရားရုံးချုပ်ရှေ့နေ) ဗုဒ္ဓပူဇနိယဆီမီး ၉၉၀၀ အဖွဲ့ရုံး စုပေါင်းရုံးဝင်း အင်းစိန် ဖုန်း-၀၁-၆၄၀၄၈၇၊ ၆၄၀၄၈၉၊ ဦးစိုင်းဘုန်းထူး-ဒေါ်ဖြူဖြူညွန့် အမှတ်-၁၀၅ ၄၈ လမ်း ရန်ကုန်မြို့ ဖုန်း-၂၉၂၆၄၄၊ ၂၉၄၆၀၆၊ ဦးသန်းထိုက်စိုး ဒု-ဈေးတာဝန်ခံ အင်းစိန်ဈေးကြီး၊ ဒေါ်စုစံ အနော်ရထာလမ်းနှင့် ၃၄ လမ်းထောင့် ဖုန်း-၇၀၀၁၃၆နှင့် ဆီမီး ၉၉၀၀ အမှုဆောင်များထံ ဆက်သွယ်လှူဒါန်းနိုင်သည်။ (၆၁)

ပြည်ပ အားကစား သတင်းများ

တစ်ကျော့ပြန် နာဗရာတီလိုဗာ မွေးရပ်မြေ ပရာဟာကွင်းတွင် အနိုင်ရ

ပရာဟာ   မေ   ၁၀

ချက်ကိုစလိုဗက်နိုင်ငံသူ တင်းနစ်အားကစားမယ် မာတီနာ နာဗရာတီလိုဗာ သည် မွေးရပ်ဌာနေ ပရာဟာအိမ်ကွင်းနှင့်အနှစ်၂၀ဝေးခဲ့ပြီးခါမှ ယနေ့ပြန်ကစား သောပွဲတွင် အနိုင်ရရှိသွားသည်။

အသက် (၅၀) ပြည့်လုနီးပြီဖြစ်သော်လည်း လက်ရည်မကျသေးသည့် ချက်အမျိုးသမီး တစ်ချိန်က နာမည်ကြီးကမ္ဘာ့အကျော်အမော် တင်းနစ်အားကစားမယ် နာဗရာတီလိုဗာ၏ ကစားဟန်။

နာဗရာတီလိုဗာသည် ပရာဟာကွင်းတွင် ၁၉၈၆ခုနှစ်က နောက်ဆုံးကစားခဲ့ပြီး အောင်ပန်းဆွတ်ခူးခဲ့သူဖြစ်သည်။ ယခု သူမအနိုင်ရရှိသောပွဲမှာ တစ်ဦးချင်း ကစားရသောပွဲမဟုတ်ဘဲ ချက်အားကစားသမားနှင့်တွဲ၍ကစားသော နှစ်ယောက်တွဲ ပွဲဖြစ်ပြီး ယနေ့ပွဲ၌ ပြိုင်ဘက်အသင်းကို ၆-၂၊ ၆-၃ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

နာဗရာတီလိုဗာနှင့်တွဲ၍ ကစားသူမှာ ချက်အားကစားမယ် ဘာဘရာ စထရိုင်ကိုဗာဖြစ်ပြီး တစ်ဖက်အသင်းမှ အားကစားသမားများမှာ ချက်အားကစားမယ် အော်လ်ဂါဗလာဟိုတော့ဗာနှင့် အမေရိကန်အားကစားမယ် အာရှာရိုလေတို့ဖြစ်သည်။ ယခုပြိုင်ပွဲသည် ပရာဟာအလွတ်တန်းစိန်ခေါ်ပွဲဖြစ်သည်။

နာဗရာတီလိုဗာသည် ချက်ကိုစလိုဗက်ကီးယားနိုင်ငံတွင် မွေးဖွားခဲ့သူဖြစ်ပြီး သူမသည် ဂရင်းစလမ်းတင်းနစ်ပြိုင်ပွဲများတွင် ၅၈ ကြိမ်တိုင်တိုင် ဗိုလ်စွဲခဲ့သော ထူးချွန်သည့်အားကစားမယ်တစ်ဦးဖြစ်သည်။ အသက်(၄၉)နှစ်ရှိနေပြီဖြစ်သော နာဗရာတီလိုဗာသည် ယခုပွဲတွင် အသက်(၂၉)နှစ်အရွယ်ရှိ အားကစားမယ် ဘာဘရာစထရိုင်ကိုဗာနှင့် တွဲ၍ ကစားခဲ့ခြင်းဖြစ်သည်။

နောက်တစ်ပွဲတွင် ၎င်းတို့အတွဲသည် အမေရိကန်အားကစားသမားများဖြစ်ကြသော အက်ရှလေဟတ်လီရော့ဒ်နှင့် ဘက်သနီမတက်တို့အတွဲနှင့်ယှဥ်ပြိုင်ရမည်ဖြစ်သည်။ (အင်တာနက်)

တောင်သမန်သစ္စာဇာတ်ကားသစ် သမ္မတ၊သွင်နှင့် မင်္ဂလာရုံ၌ပြသမည်

ယခု သောကြာပတ်တွင် သမ္မတ၊သွင်နှင့် မင်္ဂလာအဆင့်မြင့် ရုပ်ရှင်ရုံတို့၌ ရုံဝင်လာမည့် တောင်သမန်သစ္စာဇာတ်ကားသစ်မှ ဇာတ်ဝင်ခန်းတစ်ခန်းကို ရှုစားရစဥ်။

ရုပ်ရှင်

ရန်ကုန်   မေ   ၁၀

ယခုသောကြာပတ် မေ ၁၂ရက်တွင် မြန်မာရုပ်ရှင်ဇာတ်ကားသစ် တောင်သမန်သစ္စာ ဆေးရောင်စုံ ဇာတ်ကားသစ် မြို့လယ်သုံးရုံတွင် ပြသမည်ဖြစ်သည်။

တောင်သမန်သစ္စာ

လှိုင်ရုပ်ရှင်ထုတ်လုပ်ရေး၏ပွဲဦးထွက် ဇာတ်ကားဖြစ်သော တောင်သမန်သစ္စာ ဇာတ်ကားမှာ စာရေးဆရာမ ကလျာ-ဝိဇ္ဇာ၊သိပ္ပံ၏ ဝတ္ထုကို ဇော်မြင့်ဦး ဇာတ်ညွှန်းရေးဖွဲ့ပြီး ဒါရိုက်တာ အကယ်ဒမီမောင်နန္ဒ (ကွယ်လွန်)နှင့် တွဲဖက် ဇော်မြင့်ဦးတို့က ရိုက်ကူးထားခြင်းဖြစ်သည်။

ပြသဆဲ ဂုဏ်ရှိန်ပြင်းတဲ့ ချစ်ခြင်းသိက္ခာ ဇာတ်ကားမှ အကယ်ဒမီ ရန်အောင်၊ အကယ်ဒမီ ထွန်းအိန္ဒြာဗို။



ဇာတ်လမ်း

ဇာတ်လမ်းမှာ မေတ္တာတရားကို အခြေခံကာ မတူညီသော ဘဝနှစ်ခုဖြင့် အိမ်ထောင်ပြုခဲ့ရာမှ ချမ်းသာကြွယ်ဝမှု ဂုဏ်ပကာသနတံတိုင်းဖြင့် ပိုင်းခြားခံရ၍ အိမ်ထောင်ပြိုကွဲခဲ့ရသော မိန်းမသားတစ်ဦး၏ဖြစ်ရပ်ကို အနုပညာမြောက် ဖန်တီးတင်ဆက်ပြသထားသည့် ဇာတ်ကားတစ်ကားဖြစ်သည်။

ဝတ္ထုရေးသားသူမှာ နာမည်ကြီး စာရေးဆရာမကြီး တစ်ဦးဖြစ်ပြီး ရိုက်ကူးသည့် ဒါရိုက်တာမှာလည်း ရုပ်ရှင်အနုပညာဖန်တီးမှုတွင် တစ်မူထူးခြားသူဖြစ်ပေရာ မြန်မာရုပ်ရှင်ဇာတ်လမ်းကောင်း မျှော်လင့်နေကြသည့် ရုပ်ရှင်ချစ်ပရိသတ် အကြိုက်တွေ့မည့်ကားဖြစ်သည်။ ရန်အောင်၊ ရဲအောင်၊ ဒွေး၊ မေသန်းနု၊ နန္ဒာလှိုင်နှင့် နဝရတ်တို့ ခေါင်းဆောင်ပါဝင်ထားကြပြီး သမ္မတ၊ သွင်နှင့် မင်္ဂလာရုံတို့တွင် ပြသမည်ဖြစ်သည်။

တောင်သမန်သစ္စာဇာတ်ကားသစ်ကို မန္တလေးမြို့ ဝင်းလိုက်နှင့် မြို့မရုံတို့၌လည်း တစ်ပြိုင်တည်း ပြသမည်ဖြစ်သည်။

ဆက်လက်ပြသ

ရွှေဆောင်ရုံတွင်ဒါရိုက်တာ ဒေါနရိုက်ကူးပြီး ရန်အောင်၊ ထွန်းအိန္ဒြာဗို၊ စိုင်းစိုင်းခမ်းလှိုင်နှင့် သက်မွန်မြင့်တို့ပါဝင်သည့် ဂုဏ်ရှိန်ပြင်းတဲ့ ချစ်ခြင်းသိက္ခာ ဇာတ်ကား ဆက်လက်ပြသမည်ဖြစ်သည်။

နိုင်ငံခြားရုပ်ရှင်

နေပြည်တော်ရုံတွင် ဒါရိုက်တာ Stanley Tong ရိုက်ကူးပြီး နာမည်ကြီး သရုပ်ဆောင်ဂျက်ကီချန်း ပါဝင်သည့် Myth ဇာတ်ကား ဆက်လက်ပြသမည်ဖြစ်သည်။ (ကြေးမုံ)

ဟော်ကီမျိုးဆက်သစ်ကျောင်းသားလူငယ် မာရသွန်ဟော်ကီပြိုင်ပွဲကျင်းပ

ရန်ကုန် မေ ၁၀

မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်ကကြီးမှူး၍ ဟော်ကီမျိုးဆက်သစ် ကျောင်းသားလူငယ် မာရသွန် ဟော်ကီပြိုင်ပွဲကို ယနေ့နံနက် ၈နာရီက ရန်ကုန်မြို့ သိမ်ဖြူ ဟော်ကီကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်မျိုးမြင့်(ငြိမ်း)၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးကျော်နိုင်၊ ဦးခင်မောင်လတ်(တုန်းတာ)၊ဦးဇော်ဝင်း (ယူရေးရှာ)နှင့် အမှုဆောင်များ၊ မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းကျောင်းအုပ်ဆရာကြီး ဦးလှသောင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပြိုင်ပွဲအပြီးတွင် မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်မျိုးမြင့်(ငြိမ်း)က မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊လှည်းကူးမြို့နယ်အခြေခံပညာအထက်တန်းကျောင်း၊ မှော်ဘီမြို့နယ်

တွဲဖက်အခြေခံပညာအထက်တန်းကျောင်း၊ အင်းတိုင်နှင့် မြောက်ဥက္ကလာပ အခြေခံပညာ အထက်တန်းကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဦးလှစိန်(လှစိန်နှင့်ညီအစ်ကိုများကုမ္ပဏီ)က ဂိုးတိုင်ပိုက်တစ်စုံနှင့် MMM ဆောက်လုပ်ရေးကုမ္ပဏီမှ ဒါရိုက်တာ ဦးကျော်ဝင်းက ကျပ်ငွေ ၂၀၀၀၀၀ တန်ဖိုးရှိသော ဟော်ကီတုတ်များကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းကျောင်းအုပ်ကြီးတို့က လက်ခံသည်။

မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ကျောင်းသား၊ ကျောင်းသူများ ဟော်ကီပြိုင်ပွဲကို ၂၀၀၆ခုနှစ် အောက်တိုဘာတွင် ကျင်းပမည်ဖြစ်သည်။ (ကြေးမုံ)

MMMဆောက်လုပ်ရေးကုမ္ပဏီ ဒါရိုက်တာ ဦးကျော်ဝင်းက ငွေကျပ် ၂၀၀၀၀၀ တန်ဖိုးရှိ ဟော်ကီအားကစားတုတ်များကို မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းသို့ ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီး ဦးလှသောင်း လက်ခံစဥ်။
(ဟော်ကီအဖွဲ့ချုပ်)

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲဝင်အသင်းများ၏ ပုံရိပ်လွှာ

သမိုင်းသစ်ပြန်ရေးမည့် မက္ကဆီကို



ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ အကြို

မက္ကဆီကိုသည် အမေရိကန်ပြည်ထောင်စုနှင့်အတူ ဘောလုံးသမိုင်းသစ်ကို ပြန်ရေးထိုးမည့်ဟန်ရှိသည်။ အခြားကွန်ကာကတ်ဖ် အသင်းများထက် ခေါင်းတစ်လုံး ပို၍မြင့်ခဲ့သည်။ ဤကဲ့သို့သော ခေါင်းတစ်လုံးသာခဲ့သောကြောင့် မက္ကဆီကိုသည် ၂၀၀၆ ဂျာမနီ ကမ္ဘာ့ဖလားပြိုင်ပွဲသို့ ဝင်ရောက်ခွင့်ရခဲ့ခြင်းဖြစ်သည်။

သို့သော် ပနားမားအသင်းကို သရေကျ၍ အံ့သြခဲ့ရသည်။ ခြေစစ်ပွဲတစ်လျှောက်တွင် မက္ကဆီကိုအသင်းသည် နှစ်ပွဲသာရှုံးနိမ့်ခဲ့သည်။

၂၀၀၅ ခုနှစ် ဖေဖော်ဝါရီ ၉ ရက်နေ့တွင် မက္ကဆီကိုသည် ကော့စတာရီကာနှင့် ပထမဆုံးခြေစစ်ပွဲ စတင်ကစားရသည်။ ပွဲစပြီး ၁၅ မိနစ်အတွင်း၌ ကွင်းလယ်ကစားသမား ဂျိုင်မီလိုဇာနိုက နှစ်ဂိုးသွင်းလိုက်သည်။ ထိုပွဲတွင် မက္ကဆီကိုက နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်သည်။ မတ် ၂၇ ရက်နေ့၌ ဂွာတီမာလာကို နှစ်ဂိုး-ဂိုးမရှိဖြင့် သက်သောင့်သက်သာအနိုင်ယူ ကစားခဲ့သည်။ ဤသို့သော ရလဒ်ကောင်းများကြောင့် မက္ကဆီကိုသည် (ဖ)သင်းအုပ်စုတွင် ရှေ့မှဦးဆောင်ထားနိုင်ခဲ့သည်။



ကမ္ဘာ့ ဖလား ခြေစစ်ပွဲအဖြစ်ပနားမားနှင့် မက္ကဆီကိုတို့ ယှဉ်ပြိုင်ကစားကြရာ မက္ကဆီကိုအသင်း ဂိုးရပြီးနောက် အောင်ပွဲခံနေသောတိုက်စစ်မှူး ဂျာရက်ဘိုဂတ်တီကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်အသင်းနှင့် အိမ်ကွင်းမှာ ကစားရသည်။ နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပြီး ခြောက်မှတ်ရသည်။

မက္ကဆီကို၏ အဓိကပြိုင်ဘက်များဖြစ်သော အမေရိကန်နှင့် ကော့စတာရီကာအသင်းတို့ကို အနိုင်ရပြီးနောက် မက္ကဆီကိုသည် အောင်ပွဲများကိုသာ ထပ်မံလိုချင်နေတော့သည်။ ပနားမားကို တစ်ဂိုး-တစ်ဂိုး သရေကစားပြီး ထို့နောက် ထရီနီဒက်နှင့် ကော့စတာရီကာ အသင်းတို့ကို နှစ်ဂိုး-ဂိုးမရှိစီဖြင့် ထပ်မံအနိုင်ရသည်။ ဤသို့အနိုင်ရလိုက်ခြင်းကြောင့် မက္ကဆီကိုသည် ခြေစစ်ပွဲအောင်ရန် သေချာသလောက်ရှိသွားသည်။

ခြေစစ်ပွဲအောင်

ဒုတိယအကျော့အဖြစ် ကိုလံဘတ်မြို့တွင် မက္ကဆီကိုသည် အမေရိကန်နှင့် ကစားရသည်။ ဤတစ်ကြိမ်တွင် အမေရိကန်ကို နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးသည်။ အမေရိကန်ကို ရှုံးလိုက်ခြင်းသည် နည်းဗျူဟာ၊ နည်းပရိယာယ်ပိုင်းမှားယွင်းမှုကြောင့် မဟုတ်သည်ကို အိမ်ကွင်း၌ ပနားမားနှင့် ကစားသောပွဲတွင် တွေ့ရသည်။ ပနားမားအသင်းကို ငါးဂိုး-ဂိုးမရှိဖြင့် နိုင်သည်။ ထို့နောက် မက္ကဆီကိုက ဂွာတီမာလာကို ငါးဂိုး-နှစ်ဂိုး၊ ထရီနီဒက်ကို နှစ်ဂိုး-တစ်ဂိုးတို့ဖြင့်နိုင်ပြီး ခြေစစ်ပွဲအောင်ခဲ့သည်။

သက်သောင့်သက်သာဖြင့် ကမ္ဘာ့ဖလားခြေစစ်ပွဲအောင်ရမည်ဟု ပြောထားသော ကတိအတိုင်း နည်းပြဆရာ ရီကာဒိုလက်ဗော်ဗီက အောင်မြင်စွာ

မက္ကဆီကိုအသင်းမှ ရာဖေး(လ်) မာဂွတ်(ခ်) လေ့ကျင့်နေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဂမ်ဆိုင်း

အကောင်အထည်ဖော်ခဲ့သည်။ ဖရန်စစ္စကိုဖွန်ဆီကာ၊ ကာလို့(စ်) ဆယ်လ်စီဒိုစသော ပါရီမီရှင် လူငယ်ကစားသမားနှင့် အတွေ့အကြုံ ကြွယ်ဝသော အသင်းခေါင်းဆောင် ရာဖေး(လ်) မာဂွတ်(ခ်)၊ ဆန့်ချက်(ခ်)တို့နှင့် ညီညီညွတ်ညွတ် ပူးပေါင်း ကစားခဲ့သောကြောင့် မက္ကဆီကိုသည် ဖြိုရန်ခက်သော အသင်းများကို အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ၂၀၀၅ ကွန်ဖက်ထရေးရှင်းဖလားပြိုင်ပွဲတွင် ချန်ပီယံဘရာဇီးကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရသည်။ ဆီမီး ဖိုင်နယ်တွင် အာဂျင်တီးနားကို ပယ်နယ်တီဖြင့်ရှုံးသည်။ လက်ရှိ မက္ကဆီကို၏ ခြေရည်သည် ၂၀၀၅ ကွန်ဖက်ထရေးရှင်း ဖလားပြိုင်ပွဲ ခြေရည်ထက် ပို၍ကောင်းသည်။ ဤလိုခြေရည်မျိုးကို ယခင်ကမရခဲ့ဖူးချေ။

အတွေ့အကြုံ

ကွန်ဖက်ထရေးရှင်းဖလားမှ ရရှိခဲ့သော ကြီးမားသည့် ယုံကြည်မှုကြောင့် မက္ကဆီကိုသည် ဂျာမနီကမ္ဘာ့ဖလားသို့သွားရာ လမ်းတစ်လျှောက်တွင် ကောင်းသောရလဒ်များကို ပြည့်ပြည့်ဝဝရရှိခဲ့သည်။ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်နှင့် ကိုကာကိုလာ အချိုရည်ကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်သည့် နိုင်ငံအလိုက် ဘောလုံးအဆင့်အတန်းသတ်မှတ်ရာ၌ မက္ကဆီကိုသည် အဆင့် (၁၀) အတွင်း ပါဝင်လာခဲ့သည်။ ၂၀၀၅ ခုနှစ်တွင် အဆင့်(၅) အထိ အမြင့်ဆုံးရောက်ခဲ့ဖူးသည်။ မက္ကဆီကိုအသင်းသည် ၎င်း၏ ကြွယ်ဝလှသည့် အတွေ့အကြုံများကြောင့် ကမ္ဘာ့ဖလားနောက်ဆုံးအဆင့်သို့ ၁၂ကြိမ်တိုင်တိုင် ရောက်ခဲ့သည်။ ဒုတိယအဆင့် ရှုံးထွက်သို့ သုံးကြိမ်၊ ကွာတားဖိုင်နယ်သို့ နှစ်ကြိမ်ရောက်ခဲ့ဖူးသည်။

ဘောလုံးသမိုင်းသစ် တစ်ခုကို ပြန်လည်ရေးသားရန် အခွင့်အရေးရနေပြီဟု နည်းပြဆရာ လက်ဗော်ဗီနှင့် ကစားသမားအားလုံးက နားလည်ထားကြသည်။ ခြေစစ်ပွဲတစ်လျှောက်က ခြေရည်ခြေသွေးမျိုး ဆက်လက်ရရှိနေဦးမည်။ အခွင့်အရေးကိုလည်း ယူတတ်မည်ဆိုလျှင် မက္ကဆီကိုအသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်အထိ တက်ရောက်နိုင်လိမ့်မည်ဟု သုံးသပ်မိပါသည်။ ။

ပြည်နယ်နှင့်တိုင်း အမျိုးသမီးဘောလုံးပြိုင်ပွဲ ရောဝတီတိုင်း အကြိုဗိုလ်လုပွဲသို့တက်

ရန်ကုန် မေ ၁၀

၂၀၀၆ခုနှစ် (၁၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသမီး အလွတ်တန်းဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် စစ်ကိုင်းတိုင်းနှင့် ဧရာဝတီတိုင်းအသင်းတို့သည် ယနေ့ညနေ ၃နာရီခွဲက အောင်ဆန်းအားကစားပြိုင်ကွင်း၌ ယှဉ်ပြိုင်ကစားကြရာ ဧရာဝတီတိုင်းအသင်းက ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

ဧရာဝတီတိုင်းအသင်း ခြောက်ဂိုး
(ရီရီမြင့်-လေးဂိုး၊ အေးငြိမ်းသူနှင့် မေသက်ဖြူ-တစ်ဂိုးစီ)

စစ်ကိုင်းတိုင်းအသင်း တစ်ဂိုး
(ခိုင်နွယ်ဝင်း)

အကောင်းဆုံးဆု ရီရီမြင့် (ဧရာဝတီ)

ဒိုင်လူကြီး ဒေါ်စန်းစန်းမြင့်

အကောင်းဆုံး ဘောလုံးသမားဆုရ ရီရီမြင့်(ဧရာဝတီတိုင်း)။

(ကြေးမုံ)

ဧရာဝတီတိုင်းအသင်းသည် စစ်ကိုင်းတိုင်းထက် အချိတ်အဆက်မိမိ၊ အတွဲညီညီကစားနိုင်ခြင်း၊ ဂိုးရရှိအောင် ဖန်တီးပေးနိုင်ခြင်း၊ အဆုံးသတ်သေချာခြင်းတို့ကြောင့် ယခုကဲ့သို့ ဂိုးပြတ်အနိုင်ရသွားခြင်းဖြစ်သည်။ စစ်ကိုင်းတိုင်းအသင်းသည် ဧရာဝတီတိုင်းကို သူတင်ကိုယ်တင်ကစားနိုင်ပြီး ခြေစွမ်းအရမရှုံးသော်လည်း ဧရာဝတီတိုင်းကို ပိုင်နိုင်စွာ မထိန်းချုပ်နိုင်၍ ဂိုးပြတ်အရေးနိမ့်ကာ ကွာတားဖိုင်နယ်အဆင့်ဖြင့်သာ ကျေနပ်ခဲ့ရသည်။

ခြေညီသောနှစ်သင်း တွေ့ဆုံသောပွဲဖြစ်၍ ပွဲစကတည်းက အပြန်အလှန်ရှိခဲ့သည်။ ဂိုးရရှိရေးအပြိုင် ကြိုးစားရင်းမှ ၂၆ မိနစ်တွင် ဧရာဝတီတိုင်းအသင်း ဖွင့်ဆော်ဦးဂိုးရရှိသွားသည်။ တိုက်စစ်မှူး ရီရီမြင့်က စစ်ကိုင်းနောက်ခံလူ သုံးဦးကို လုပစ္စာလိမ်ခေါက်ပြီး သွင်းယူခဲ့ခြင်းဖြစ်သည်။ ဆက်တိုက်ဆိုသလိုပင် ဧရာဝတီက ဖိကစားလာရာ မိနစ် ၃၀တွင် စစ်ကိုင်းနောက်ခံလူ ခိုင်နွယ်ဝင်း၏ အမှားမှ အေးငြိမ်းသူက ဧရာဝတီတိုင်းအတွက် ဒုတိယဂိုးသွင်းယူသွားသည်။

နှစ်ဂိုးဆက်တိုက် ပေးလိုက်ရ၍ စစ်ကိုင်း ကစားအား ပြန်တင်လာရာ ၃၅မိနစ်တွင် ခိုင်နွယ်ဝင်းက စစ်ကိုင်းအတွက် ချေပဂိုးပြန်လည်သွင်းယူသည်။ ထို့နောက်ပိုင်းတွင် ပွဲမှာအကြိတ်အနယ်ရှိလာသော်လည်း ပထမပိုင်းပြီးခါနီး တစ်မိနစ်အလိုတွင် မေသက်ဖြူက အမှတ်မထင် ထောင့်ဖြတ်ကန်ပြီး ဧရာဝတီအတွက် တတိယဂိုးရယူသွားသည်။

အနိုင်ရရှိ

ပထမပိုင်းတွင် ဂိုးပြတ်သွင်းထားသော ဧရာဝတီတိုင်းအသင်းသည် ဒုတိယပိုင်းတွင်လည်း ဆက်လက်ဖိကစားသွားပြီး အနိုင်ဂိုးများသွင်းယူသွားသည်။ ဧရာဝတီတိုင်းအတွက် အနိုင်ဂိုးသုံးဂိုးကို တိုက်စစ်မှူး ရီရီမြင့်တစ်ဦးတည်းက ၁ မိနစ်၊ ၁၀ မိနစ်နှင့် ၃၉မိနစ်တို့တွင် သွင်းယူခဲ့သဖြင့် ပွဲအပြီးတွင် ဧရာဝတီက ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားခြင်းဖြစ်သည်။

ယနေ့ပွဲမရှိ

၁၂-၅-၂၀၀၆

အောင်ဆန်းကွင်း

ပထမအကြိုဗိုလ်လုပွဲ

မန္တလေးတိုင်းနှင့် ရန်ကုန်တိုင်း

(ကြေးမုံ)

ဧရာဝတီ တိုက်စစ်မှူး ရီရီမြင့် စစ်ကိုင်းနောက်ခံလူ ခိုင်ရွှေဝါကို ဖြတ်ကျော်ထိုးဖောက်စဉ်။

(ကြေးမုံ)

ဂုဏ်ပြုဆုငွေ

မွန်ပြည်နယ် မုဒုံမြို့နယ် ပညာသင်ထောက်ပံ့ကြေး ချီးမြှင့်ရေးကော်မတီက ကြီးမှူး၍ ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲကို ဧပြီ ၂၈ရက်က မုဒုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ကျော်မောင်က မုဒုံမြို့နယ် မြို့မ(၁) စာစင်ရပ် ပန်းပဲဖိုလမ်းနေ မကွေးဆေးတက္ကသိုလ် ပထမနှစ် ကျောင်းသူ မနုနုထက်အား ဂုဏ်ပြုဆုငွေ ထောက်ပံ့ချီးမြှင့်စဉ်။

(မြို့နယ်ပညာရေး)

တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် စစ်ကိုင်းတိုင်း ကန့်ဘလူမြို့ အားကစားခန်းမသစ်ဖွင့်ပွဲ တက်ရောက်၍ ဖွင့်လှစ်ပေး

ကြည့်ရှုစစ်ဆေး

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်တို့ ကန့်ဘလူမြို့ အားကစားခန်းမသစ်ကို ကြည့်ရှုစစ်ဆေးစဉ်။ (အား/ကာ)

ရန်ကုန် မေ ၁၀

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ကန့်ဘလူမြို့ အားကစားခန်းမသစ်ဖွင့်ပွဲ အခမ်းအနားကို မေ ၇ ရက်တွင် ကျင်းပရာ စစ်ကိုင်းတိုင်း အားကစားနှင့် ကာယပညာကော်မတီနာယက၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ်နာယက တိုင်းမှူး၏ ဇနီး ဒေါ်ဝေဝေခိုင်၊ အားကစား ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ စစ်ကိုင်းတိုင်း၊ ရွှေဘိုခရိုင်နှင့် ကန့်ဘလူ မြို့နယ်တို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘင်ရော၊ ပန်းဖွားအဖွဲ့ဝင်များ၊ အားကစားသမားများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အားကစားခန်းမသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ တိုင်းမှူးက အားကစားခန်းမသစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် ကန့်ဘလူမြို့နယ်မှ အားကစားသမားလေးများက ဖွင့်ပွဲအထိမ်းအမှတ်မော်ကွန်းကမ္ပည်းကြေးပြားကို ရွှေကြိုးဆွဲ၍ ဖွင့်လှစ်ပေးကြပြီး တိုင်းမှူး၊ ဝန်ကြီးနှင့် ဧည့်သည်များက မော်ကွန်းကမ္ပည်း ကြေးပြားကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ ဖွင့်ပွဲအခမ်းအနားကို အားကစားခန်းမသစ်အတွင်း ကျင်းပရာ တိုင်းမှူးက စာမျက်နှာ ၉ ကော်လံ ၁ သို့ ❍

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁၀-၅-၂၀၀၆

စစ်ကိုင်း	၁ ဒသမ	၃၈ လက်မ
နမ့်စန်	၁ ဒသမ	၃၀ လက်မ
မန္တလေး	၁ ဒသမ	၂၂ လက်မ
ပူတာအို	၀ ဒသမ	၉၈ လက်မ
ရန်ကုန် (ကမ္ဘာအေး)	၀ ဒသမ	၇၀ လက်မ
ပြင်ဦးလွင်	၀ ဒသမ	၇၀ လက်မ
သထုံ	၀ ဒသမ	၆၆ လက်မ

NLD ပါတီ(ဗဟို)သည် တိကျပြတ်သားသော နိုင်ငံရေးလမ်းစဉ်မရှိ မှန်ကန်သည့်ဦးဆောင်မှုမပေးနိုင်သည့်အပြင် ပုဂ္ဂိုလ်စွဲ၊ဒေသစွဲ၊ဂိုဏ်းဂဏစွဲများဖြင့် ကွဲပြားလျက်ရှိ ဒေသခံပြည်သူများက NLD ပါတီဝင်များအား လူပိုအဖြစ်သဘောထား အထင်အမြင်သေးခြင်းခံနေရ အာဏာမက်မောပြီး အာဏာရရှိရေးသာအဓိကထား၍ ကိုယ်ကျိုးအတ္တကြီးမားသည့် NLD ပါတီအပေါ် လုံးဝစိတ်ဝင်စားမှုမရှိတော့သဖြင့် NLD ပါတီမှ စုပေါင်းနုတ်ထွက်

ရန်ကုန် မေ ၁၀

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် တနိုင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ မြို့နယ်အလုပ်အမှုဆောင် အဖွဲ့ဥက္ကဋ္ဌ ဦးကဆုန်ဆင်ဝါး၊ ဒုတိယဥက္ကဋ္ဌ ဦးစကဆင်ဝါးနော်၊ အလုပ်အမှုဆောင်များဖြစ်ကြသော ဦးရူရော်ဝေါင်၊ ဦးဖော်အွတ်ဂမ်အောင်၊ ဦးမကောတူးခေါင်၊ ဦးလကျွမ်ရွှေကြော်တန်တို့ ခြောက်ဦးနှင့် ပါတီဝင်နှစ်ဦးတို့အပါအဝင် တနိုင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်ရှစ်ဦးတို့သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ကြောင်း ၎င်းတို့၏ဆန္ဒအလျောက်နုတ်ထွက်လွှာများကို လက်မှတ်ရေးထိုးပြီး အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် (NLD) ဌာနချုပ်သို့လည်းကောင်း၊ သက်ဆိုင်ရာဒေသ အာဏာပိုင်အဖွဲ့အစည်းများသို့လည်းကောင်း နုတ်ထွက်လွှာများပေးပို့အကြောင်းကြားခဲ့သည်။ ထို့နောက် အဆိုပါ တနိုင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်ရှစ်ဦးတို့သည် ၎င်းတို့၏နုတ်ထွက်လွှာများကို မေ ၆ ရက် ညနေ ၃ နာရီတွင် တနိုင်းမြို့နယ်ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်ရုံးသို့ လာရောက်ပေးအပ်ကြပြီး နုတ်ထွက်လွှာများ စုပေါင်းပေးအပ်သည့်အခမ်းအနားကို ကျင်းပခဲ့သည်။

ယင်းအခမ်းအနားသို့ တနိုင်းမြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ဥက္ကဋ္ဌ မြို့နယ်ဥပဒေအရာရှိ၊ မြို့နယ်တရားသူကြီး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ဦးစီးမှူး၊ မြို့နယ်ပညာရေးမှူး၊ မြို့နယ်ဆရာဝန်ကြီး၊ မြို့နယ်ဘဏ်မန်နေဂျာ၊ မြို့နယ်ကော်မရှင်အဖွဲ့ဝင်များနှင့်NLDပါတီမှ နုတ်ထွက်သူများ တက်ရောက်ကြပြီး တနိုင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အလုပ်အမှုဆောင် ဦးရူရော်ဝေါင်က အခမ်းအနားမှူး အဖြစ် ဆောင်ရွက်သည်။

အခမ်းအနားတွင် NLD ပါတီမှ နုတ်ထွက်သူ ရှစ်ဦးကိုယ်စား တနိုင်းမြို့နယ် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကဆုန်ဆင်ဝါးက ၎င်းတို့ NLD ပါတီမှ နုတ်ထွက်ရခြင်းအကြောင်းကို ရှင်းလင်း ပြောကြားရာတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (ဗဟို) သည် တိကျပြတ်သားသော နိုင်ငံရေးလမ်းစဉ်မရှိခြင်း၊ ခေါင်းဆောင်များအကြား စိတ်ဝမ်းကွဲနေခြင်း စသည့် ပါတီ၏အနေအထားများအပေါ် ၎င်းတို့အနေဖြင့် စိတ်ကုန်ခန်းမှုများဖြစ်ပေါ်လျက်ရှိကြောင်း၊ ပါတီအနေဖြင့် မှန်ကန်သည့်ဦးဆောင်မှုမပေးနိုင်သည့်အပြင် ပုဂ္ဂိုလ်စွဲ၊ ဒေသစွဲ၊ ဂိုဏ်းဂဏစွဲများဖြင့် ကွဲပြားလျက်ရှိကြောင်း၊ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ရာတွင်လည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(ဗဟို)၏ ဦးဆောင်မှု၊ ကူညီပံ့ပိုးမှု မပေးနိုင်သဖြင့် ပြည်သူလူထုကလည်း ၎င်းတို့၏ ပါတီအဖွဲ့ဝင်များအား ဒေသ၌ လူပိုအဖြစ် သဘောထားလျက် စာမျက်နှာ ၉ ကော်လံ ၁ သို့ ❒

အင်တာနက်သတင်း

ကမ္ဘာ့ စက်မှုထိပ်တန်းအမေရိကန် မွေးစကလေးသေနှုန်းတွင် အမြင့်ဆုံးနီးနီးဖြစ်နေ

ချီကာဂို မေ ၁၀

အမေရိကန်နိုင်ငံသည် ကမ္ဘာပေါ်တွင် ဖွံ့ဖြိုးမှုအရာ၌ ထိပ်တန်းမှပြေးနေသည်ဆိုသော်လည်း မွေးကင်းစကလေးများ၏ သေဆုံးမှုအခြေအနေကို လေ့လာလိုက်သောအခါ စက်မှုနိုင်ငံများအနက် အညံ့ဆုံး အနေအထားတွင် ရောက်နေသည်ကိုတွေ့ရကြောင်း၊ (Save The Children) ခေါ် ကလေးများကို ကယ်တင်သူအဖွဲ့အစည်း၏လေ့လာချက်အစီရင်ခံစာတွင် ဖော်ပြထားသည်။

ဖွံ့ဖြိုးပြီးစက်မှုနိုင်ငံပေါင်း ၃၃ နိုင်ငံကို နှိုင်းယှဉ်လေ့လာသောအခါ စာမျက်နှာ ၉ ကော်လံ ၁ သို့ ✱

အမေရိကန်နိုင်ငံ ချီကာဂိုမှ ကလေးမိခင်တစ်ဦးကို ရင်သွေးငယ်နှင့်အတူ တွေ့ရစဉ်။

ဓာတ်ပုံ-အင်တာနက်